**ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် တတိယပုံမှန်အစည်းအဝေး(စတုတ္ထနေ့) (၂၂. ၉. ၂၀၁၆) ရက်နေ့တွင် ဥပဒေပြုရေးဆိုင်ရာကော်မတီမှ ရှမ်းပြည်နယ်အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းဥပဒေ (မူကြမ်း) နှင့်စပ်လျဉ်း၍ လွှတ်တော်သို့ အစီရင်ခံစာဖတ်ကြားရှင်းလင်းတင်ပြခြင်း**

**ဒုတိယဥက္ကဋ္ဌ။** လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် တတိယပုံမှန်အစည်းအဝေး (စတုတ္ထနေ့)အစီအစဉ်များကို ဆက်လက်ဆောင်ရွက်မှာဖြစ်ပါတယ်။ အစီအစဉ် (၈)ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ အစီအစဉ်အရ ဥပဒေပြုရေးဆိုင်ရာကော်မတီမှ ရှမ်းပြည်နယ် အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းဥပဒေ (မူကြမ်း)နှင့် စပ်လျဉ်း၍ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ အစီရင်ခံစာအား လွှတ်တော်သို့ ဖတ်ကြားရှင်းလင်း တင်ပြရန် ဖိတ်ခေါ်ပါတယ်။

**ဦးညီညီ(ခ)ဦးညီလေးချမ်း၊ အတွင်းရေးမှူး ၊ ဥပဒေပြုရေးဆိုင်ရာကော်မတီ။** အားလုံးကို မင်္ဂလာပါလို့ ဦးစွာနှုတ်ခွန်း ဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်လွှတ်တော် ဥပဒေပြုရေးဆိုင်ရာကော်မတီ၊ အတွင်းရေးမှူး ဦးညီညီ(ခ) ဦးညီလေးချမ်းဖြစ်ပါတယ်။ ဒုတိယ အကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး၌ ရှမ်းပြည်နယ်အစိုးရအဖွဲ့၊ စီမံကိန်းနှင့် စီးပွားရေးဝန်ကြီးမှ တင်သွင်းသည့် ရှမ်းပြည်နယ်အိမ်တွင်းစက်မှု လက်မှုလုပ်ငန်းဥပဒေ(မူကြမ်း) အပေါ် ရှမ်းပြည်နယ်လွှတ်တော် ဥပဒေပြုရေးဆိုင်ရာကော်မတီက စိစစ်သုံးသပ်တင်ပြသည့် အစီရင်ခံစာကို တင်ပြဖတ်ကြားသွားမှာဖြစ်ပါတယ် ခင်ဗျား။

**ရှမ်းပြည်နယ် အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းဥပဒေ(မူကြမ်း)အပေါ် ရှမ်းပြည်နယ်လွှတ်တော် ဥပဒေပြုရေးဆိုင်ရာကော်မတီက စိစစ်သုံးသပ်တင်ပြသည့် အစီရင်ခံစာ**

**နိဒါန်း**

ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး၌ ရှမ်းပြည်နယ်အစိုးရ အဖွဲ့၊ စီမံကိန်းနှင့် စီးပွားရေး ဝန်ကြီးမှ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၈၈၊ ဇယား ၂ အပိုဒ် ၅(ခ) ၌ ဖော်ပြပါရှိသည့် လုပ်ပိုင်ခွင့်အရ တင်သွင်းလာသည့် ရှမ်းပြည်နယ် အိမ်တွင်းစက်မှုလက်မှုလုပ်ငန်း ဥပဒေ(မူကြမ်း)အပေါ် ပြည်နယ်လွှတ်တော်က နည်းဥပဒေ ၁၃၆(ခ)(၃)အရ ရှမ်းပြည်နယ်လွှတ်တော် ဥပဒေပြုရေးဆိုင်ရာကော်မတီသို့ လွှဲအပ်ပေးပို့လာသဖြင့် နည်းဥပဒေ ၆၅ နှင့်အညီ ကော်မတီ အစည်းအဝေးများကို တတိယအကြိမ်အထိ ကျင်းပ ခဲ့ရာ ၁၇-၉-၂၀၁၆ ရက်နေ့၌ စိစစ်သုံးသပ်ညှိနှိုင်း ဆွေးနွေးကြပြီး ဤပြင်ဆင်ရန် အကြံပြုချက်အစီရင်ခံစာကို နည်းဥပဒေ ၆၆ နှင့်အညီ ပြုစုတင်ပြခြင်း ဖြစ်ပါတယ်။

## လေ့လာတွေ့ရှိချက်

ဤဥပဒေမှာ ဖွဲ့စည်းပုံအခြေခံဥပဒေ ဇယား ၂ ၏ ညွှန်ပြချက်နှင့်အညီ တည်ဆဲ ဥပဒေများ ဖြစ်သည့် ၁၉၉၁ ခုနှစ်တွင် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့မှ အိမ်တွင်းစက်မှုလက်မှု လုပ်ငန်းမြှင့်တင်ရေး ဥပဒေအဖြစ်ပြဋ္ဌာန်းခဲ့ပါသည်။ ၂၀၁၁ ခုနှစ်တွင် နိုင်ငံတော်အေးချမ်းသာယာရေး နှင့် ဖွံ့ဖြိုးရေးကောင်စီမှ အသေးစားစက်မှုလက်မှုလုပ်ငန်းမြှင့်တင်ရေး ဥပဒေအဖြစ် မူလဥပဒေ၏ အမည်ကိုပြင်ဆင်သည့် ဥပဒေဖြင့် ပြင်ဆင်သတ်မှတ်ခဲ့ပါသည်။ ၎င်းဥပဒေများကို ကိုးကား၍ ရှမ်းပြည်နယ် အိမ်တွင်း စက်မှုလက်မှု လုပ်ငန်းဥပဒေ ပြုစုရေးဆွဲထားခြင်းဖြစ်ပါသည်။

အိမ်တွင်းစက်မှု လက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရန် မြန်မာ့ရိုးရာလက်မှုအနုပညာပစ္စည်း ထုတ်လုပ်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရန်၊ ဒေသထွက်သယံဇာတပစ္စည်းများကို အဓိကကုန်ကြမ်း အဖြစ် အသုံးပြု၍ စက်မှုလက်မှုထုတ်ကုန်ပစ္စည်းထုတ်လုပ်နိုင်ရန် ဘေးဥပဒ်ကင်းရှင်းပြီး စံချိန်စံညွှန်း နှင့်ကိုက်ညီသည့် ကုန်ပစ္စည်းများကို ယုံကြည်စိတ်ချစွာသုံးစွဲခွင့်ရရှိရန်၊ ပြည်သူများ အလုပ်အကိုင် အခွင့်အလမ်းများရရှိရန်၊ အသက်မွေးဝမ်းကျောင်း လုပ်ငန်းများနှင့် မိသားစုတစ်ပိုင်တစ်နိုင်လုပ်ငန်း များ ဖွံ့ဖြိုးတိုးတက်ရန်၊ ပြည်တွင်း ပြည်ပဈေးကွက် များတွင် အဆင့်အတန်းမီထုတ်ကုန် ပစ္စည်းများ ထုတ်လုပ်ရောင်းချနိုင်ရန် ရည်ရွယ်၍ ပြဋ္ဌာန်းနိုင်ရေး တင်ပြ ခြင်းဖြစ်သည်ကိုလေ့လာတွေ့ရှိရ ပါသည်။ ဤဥပဒေကို စီမံခန့်ခွဲပြုလုပ်မည့် Focal Ministry ဥပဒေ (မူကြမ်း) ပုဒ်မ ၂(ဂ)အရ ပြည်နယ်စီမံကိန်းနှင့် စီးပွားရေးဝန်ကြီးဌာနနှင့် ပုဒ်မ ၂(ဆ)အရ ပြည်နယ်အသေးစားစက်မှု လက်မှုဦးစီးဌာနတို့ဖြစ်ကြောင်း အဓိပ္ပါယ်သတ်မှတ်ထားရာ ပုဒ်မ ၂(စ)တွင် ဦးစီးဌာန၏ အဓိပ္ပါယ် ဖော်ပြချက်မှာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ပြည်နယ်အသေးစား စက်မှု လက်မှုလုပ်ငန်းဦးစီးဌာနဟု ဖော်ပြထားပါသည်။ ယင်းသို့ Focal Ministry ဥပဒေကြမ်းတွင် ဝန်ကြီး ဌာန(၂)ခု ပေးထားခြင်းမှာ လုပ်ငန်းများ အကောင်အထည်ဖော်ရာ၌ အခက်အခဲများဖြစ်ပေါ်နိုင် ပါသည်။

## ပြင်ဆင်ရန်အကြံပြုချက်

သို့ဖြစ်ပါ၍ ဥပဒေ (မူကြမ်း)အပေါ် ပြင်ဆင်ရန် အကြံပြုချက်ကို ဆက်လက်တင်ပြရမယ် ဆိုလျှင် အခန်း(၁)၊ ပုဒ်မ ၂(စ) တွင် ဦးစီးဌာနဆိုသည်မှာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန၊ ရှမ်းပြည်နယ်အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာနကို ဆိုသည့်စကားရပ် အစား ဦးစီးဌာနဆိုသည်မှာ “ရှမ်းပြည်နယ် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနကို ဆိုသည်”ဟု

ပြင်ဆင်သင့်ပါကြောင်း လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအား တင်ပြအပ်ပါတယ် ခင်ဗျား။

**ဒုတိယဥက္ကဋ္ဌ။** ပြင်ဆင်ချက်နှင့်ပတ်သက်ပြီး သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့ဝင်မှ ဆွေးနွေးရန် ဖြစ်ပါတယ်။

**ဦးစိုးညွန့်လွင်(ခ)ဦးစိုးကြီး။ စီမံကိန်းနှင့်စီးပွားရေး ဝန်ကြီး။** ပြင်ဆင်ချက်နှင့်ပတ်သက်ပြီး ဦးစီးဌာန ဆိုသည်မှာ "ရှမ်းပြည်နယ် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနကိုဆိုသည်"ဆိုတာကို လက်ခံပါတယ်။

**ဒုတိယဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ပြင်ဆင်ချက်နှင့်ပတ်သက်ပြီး ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်မှ သဘောတူကြောင်း ဆွေးနွေးလာပါတယ်။ ဒီအဆိုနှင့်ပတ်သက်ပြီး ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ ကန့်ကွက်ရန် ရှိပါသလား ခင်ဗျား။

(သုံးကြိမ်တိုင်တိုင်မေးပါသည်။ လွှတ်တော်က ကန့်ကွက်ရန်မရှိပါ။)

ကန့်ကွက်ရန်မရှိတဲ့အတွက် ပြင်ဆင်ချက်သည် အတည်ဖြစ်၍ ဤဥပဒေ၏ အစိတ်အပိုင်း ဖြစ်ကြောင်း ကြေညာပါတယ်။

**ဦးညီညီ(ခ)ဦးညီလေးချမ်း၊ အတွင်းရေးမှူး၊ ဥပဒေပြုရေးဆိုင်ရာကော်မတီ။** ရှမ်းပြည်နယ် လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ကြီးများ ခင်ဗျား။ အခန်း(၁)၊ ပုဒ်မ၂ တွင် အသစ် ပုဒ်မခွဲ(ဋ)အဖြစ် မှတ်ပုံတင် ဆိုသည်မှာ အိမ်တွင်းစက်မှုလက်မှု လုပ်ငန်း လုပ်ကိုင်ရန် မှတ်ပုံတင်ကို ဆိုလိုသည်ဟု ဖြည့်စွက်သင့်ပါကြောင်း ရှမ်းပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များအား တင်ပြအပ်ပါတယ် ခင်ဗျား။

**ဒုတိယဥက္ကဋ္ဌ**။ ၎င်းပြင်ဆင်ချက်နှင့်စပ်လျဉ်းပြီး သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့ဝင်မှ ဆွေးနွေးရန် ဖြစ်ပါတယ်။

**ဦးစိုးညွန့်လွင်(ခ)ဦးစိုးကြီး။ စီမံကိန်းနှင့်စီးပွားရေးဝန်ကြီး။** ကန့်ကွက်ပါတယ်။ ဖြည့်စွက်တဲ့ အခါမှာ ပုဒ်မ ၂ (ဋ)အဖြစ် မှတ်ပုံတင်ဆိုသည်မှာ အိမ်တွင်းစက်မှုလက်မှု လုပ်ငန်းလုပ်ကိုင်ရန် မှတ်ပုံတင်ကိုဆိုလိုသည်အစား လုပ်ကိုင်ခွင့်ပြုသည့်မှတ်ပုံတင်ကို ဆိုလိုသည်ဆိုမှ အဓိပ္ပါယ်က ဖြစ်မှာပါ။ မှတ်ပုံတင်မရှိဘဲနဲ့ လုပ်လို့မရပါဘူး။ "ရန်"ဆိုတဲ့နေရာမှာ"ခွင့်ပြုသည့်"ဆိုတာကို ပြင်ဆင် သင့်ပါတယ် တင်ပြအပ်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ**။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဖြည့်စွက်ခြင်း အပိုဒ်နှင့် ပတ်သက်ပြီး ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးမှ “ မှတ်ပုံတင်ဆိုသည်မှာ အိမ်တွင်းစက်မှု လက်မှု လုပ်ငန်းလုပ်ကိုင် ခွင့်ပြုသည့် မှတ်ပုံတင်ကိုဆိုလိုသည်”ဟု ပြင်ဆင်ဖြည့်စွက်တဲ့ အပိုဒ်ကို ဆွေးနွေး တင်ပြသွားပါတယ်။ ဒီအဆို နှင့်ပတ်သက်ပြီး ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ကန့်ကွက်ရန် ရှိပါသလား ခင်ဗျား။

(သုံးကြိမ်တိုင်တိုင်မေးပါသည်။ လွှတ်တော်က ကန့်ကွက်ရန်မရှိပါ။)

ကန့်ကွက်ရန်မရှိတဲ့အတွက် ပြင်ဆင်ချက် အတည်ဖြစ်၍ ဤဥပဒေ၏ အစိတ်အပိုင်း ဖြစ်ကြောင်း ကြေညာပါတယ်။

**ဦးညီညီ(ခ)ဦးညီလေးချမ်း၊ အတွင်းရေးမှူး၊ ဥပဒေပြုရေးဆိုင်ရာကော်မတီ။** ရှမ်းပြည်နယ် လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ကြီးများ ခင်ဗျား။ အခန်း(၃)၊ ပုဒ်မ ၄ တွင် ကော်မတီ၏ ဥက္ကဋ္ဌအဖြစ် ဝန်ကြီးမှ လည်းကောင်း၊ အတွင်းရေးမှူးအဖြစ် ပြည်နယ် ဦးစီးမှူးမှ လည်းကောင်း တာဝန်ယူ၍ အဖွဲ့ဝင်များအဖြစ် လုပ်ငန်းရှင်များပါဝင်သည့် ကော်မတီဝင် (၇)ဦး သို့မဟုတ် (၉)ဦး ဖြင့် ဖွဲ့စည်းရမည် စကားရပ် အစား “ပြည်နယ်ဝန်ကြီးသည် အစိုးရအဖွဲ့၏ သဘော တူညီချက်ဖြင့် "ကော်မတီ၏ ဥက္ကဋ္ဌအဖြစ် ဝန်ကြီးမှလည်းကောင်း၊ အတွင်းရေးမှူး အဖြစ် ပြည်နယ်ဦးစီးမှူးမှလည်းကောင်း တာဝန်ယူ၍ အဖွဲ့ဝင်များအဖြစ် “သက်ဆိုင်ရာ ပြည်နယ်အဆင့် ပြည်နယ်ဦးစီးမှူးများနှင့် "လုပ်ငန်းရှင်များ ပါဝင်သည့် ကော်မတီ ဝင် (၇)ဦး သို့မဟုတ် (၉)ဦး ဖြင့် ဖွဲ့စည်းရမည်ဟု ပြင်ဆင်သင့်ပါသည် ဟု ဖော်ပြချက်အား အတည်ပြုပေးပါရန်အတွက် ရှမ်းပြည်နယ် လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့် ပြည်နယ်လွှတ်တော်ကိုယ်စား လှယ်များအား တင်ပြအပ်ပါတယ် ခင်ဗျား။

**ဒုတိယဥက္ကဋ္ဌ**။ ၎င်းပြင်ဆင်ဖြည့်စွက်ချက်နှင့် စပ်လျဉ်းပြီး သက်ဆိုင်ရာ ပြည်နယ်အစိုးရ အဖွဲ့ဝင် ဝန်ကြီးမှ ဆွေးနွေးရန်ဖြစ် ပါတယ်။

**ဦးစိုးညွန့်လွင်(ခ)ဦးစိုးကြီး၊ စီမံကိန်းနှင့်စီးပွားရေးဝန်ကြီး။** ကန့်ကွက်ပါတယ်။ ပြည်နယ် ဝန်ကြီးသည် အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့်ဆိုတာ၊ ကော်မတီ၏ ဥက္ကဋ္ဌအဖြစ် ဝန်ကြီးမှ လည်းကောင်း ဆိုတာ ဝန်ကြီးဆိုသည်မှာ ပုဒ်မ ၂(ဃ)အရ စီမံစီးပွားဝန်ကြီးဖြစ်သည်လို့ရှေ့မှာ အတိ အလင်းဖော်ပြပြီးဖြစ်တဲ့အတွက် ကော်မတီ၏ဥက္ကဋ္ဌအဖြစ် ဝန်ကြီးမှလည်းကောင်း၊ အတွင်းရေးမှူး အဖြစ် ပြည်နယ်ဦးစီးမှူးမှလည်းကောင်း တာဝန်ယူ၍ အဖွဲ့ဝင်များအဖြစ် “ပြည်နယ်အစိုးရမှ

သတ်မှတ်ပေးသော သက်ဆိုင်ရာ ပြည်နယ်အဆင့် ပြည်နယ်ဦးစီးမှူးများနှင့်” လုပ်ငန်းရှင်များပါဝင်သည့်ကော်မတီဝင် (၇)ဦး သို့မဟုတ် (၉)ဦးဖြင့် ဖွဲ့စည်းရမည် ဟုပြင်ဆင်သင့်ပါကြောင်း အကြံပြုတင်ပြအပ်ပါတယ်ခင်ဗျား။

**ဒုတိယဥက္ကဋ္ဌ**။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဥပဒေပြုရေးဆိုင်ရာကော်မတီက ပြင်ဆင်ရန် အကြံပြုချက်နှင့်ပတ်သက်၍ ပြည်နယ်ဝန်ကြီးမှ အခန်း(၁)တွင် ပြည်နယ်ဝန်ကြီးဆိုသည်မှာ အဓိပ္ပါယ်ဖွင့်ဆိုပြီးဖြစ်သည့်အတွက် ပြည်နယ်ဝန်ကြီးသည် အစိုးရအဖွဲ့၏သဘောတူညီချက်ဖြင့် ဆိုသည့် စာသားမလိုအပ်ဘဲ ကော်မတီ၏ ဥက္ကဋ္ဌအဖြစ် ဝန်ကြီးမှလည်းကောင်း၊ အတွင်းရေးမှူးအဖြစ် ပြည်နယ်ဦးစီးမှူးမှ လည်းကောင်း တာဝန်ယူ၍ အဖွဲ့ဝင်များအဖြစ် ပြည်နယ်အစိုးရအဖွဲ့မှ သတ်မှတ်ပေးသော သက်ဆိုင်ရာ ပြည်နယ်အဆင့် ပြည်နယ်ဦးစီးမှူးများနှင့် လုပ်ငန်းရှင်များ ပါဝင်သည့် ကော်မတီဝင်(၇)ဦး သို့မဟုတ် (၉)ဦး ဖြင့် ဖွဲ့စည်းရမည်ဟု အဆိုပြုတင်ပြလာပါတယ်။ ဝန်ကြီး၏ ပြင်ဆင်ဖြည့်စွက်ချက်နှင့် ပတ်သက်ပြီး ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ဤအဆိုကိုကန့်ကွက်ရန် ရှိပါသလား ခင်ဗျား။

(သုံးကြိမ်တိုင်တိုင်မေးပါသည်။ လွှတ်တော်က ကန့်ကွက်ရန်မရှိပါ။)

လွှတ်တော်ကိုယ်စားလှယ်များမှ ကန့်ကွက်ရန်မရှိသည့်အတွက် ပြင်ဆင်ချက်သည်အတည်ဖြစ်၍ ဤဥပဒေ၏ အစိတ်အပိုင်း ဖြစ်ကြောင်း ကြေညာပါတယ်။

**ဦးညီညီ(ခ)ဦးညီလေးချမ်း၊ အတွင်းရေးမှူး၊ ဥပဒေပြုရေးဆိုင်ရာကော်မတီ။** ရှမ်းပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ကြီးများ ခင်ဗျား။ အခန်း(၈)၊ ပုဒ်မ ၁၄(စ) တွင် ကော်မတီ၏ ကူညီမှုဖြင့် ချေးငွေများ၊ အထောက်အပံ့များ ရယူခြင်း စကားရပ်အစားကော်မတီ၏ ကူညီမှုဖြင့် “နည်းပညာ၊ ချေးငွေနှင့်” အထောက်အပံ့များ ရယူခြင်းဟု ဖြည့်စွက်ပြင်ဆင်သင့်ပါသည်ဟု ဖော်ပြချက်အား အတည်ပြုပေးနိုင်ရန်အတွက် ရှမ်းပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့် ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များအား တင်ပြအပ်ပါတယ် ခင်ဗျား။

**ဒုတိယဥက္ကဋ္ဌ**။ ပြင်ဆင်ဖြည့်စွက်ချက်နှင့်စပ်လျဉ်းပြီး သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့ဝင်မှဆွေးနွေးပေးရန်ဖြစ် ပါတယ်။

**ဦးစိုးညွန့်လွင်(ခ)ဦးစိုးကြီး၊ စီမံကိန်းနှင့်စီးပွား ရေးဝန်ကြီး။** အတည်ပြုပေးပါတယ်ခင်ဗျား။ သဘောတူပါတယ်။

**ဒုတိယဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ပြင်ဆင်ချက်နှင့်ပတ်သက်ပြီး ကန့်ကွက်ရန် ရှိပါသလား ခင်ဗျား။

(သုံးကြိမ်တိုင်တိုင်မေးပါသည်။ လွှတ်တော်က ကန့်ကွက်ရန်မရှိပါ။)

လွှတ်တော်ကိုယ်စားလှယ်များမှ ကန့်ကွက်ရန်မရှိသည့်အတွက် ပြင်ဆင်ချက်သည် အတည်ဖြစ်၍ ဤဥပဒေ၏ အစိတ် အပိုင်းဖြစ်ကြောင်း ကြေညာပါတယ်။

**ဦးညီညီ(ခ)ဦးညီလေးချမ်း၊ အတွင်းရေးမှူး၊ ဥပဒေပြုရေးဆိုင်ရာကော်မတီ။** ရှမ်းပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ကြီးများ ခင်ဗျား။ အခန်း(၈)၊ ပုဒ်မ၁၄(ည)တွင် အိမ်တွင်းစက်မှုလက်မှုလုပ်ငန်း လုပ်ငန်းစတင်သောနှစ်အပါအဝင် တစ်ဆက်တည်း ၃ နှစ် အတွင်း ကျပ်သိန်း(၁၀၀)အထိ ဝင်ငွေပေါ် အခွန်ဥပဒေနှင့်အညီ အခွန်ကင်းလွတ်ခြင်း စကားရပ် အစား အိမ်တွင်း စက်မှုလက်မှုလုပ်ငန်း လုပ်ငန်းစတင်သောနှစ်အပါအဝင် တစ်ဆက်တည်း (၃)နှစ်အတွင်း "အခွန်ကင်းလွတ်ခွင့်၊ သက်သာခွင့်၊ လျှော့ပေါ့ထားခွင့်ရှိခြင်း၊" ဟု ဖြည့်စွက်ပြင်ဆင်သင့်ပါသည်ဟု ဖော်ပြချက်အား အတည်ပြုပေးနိုင်ရန်အတွက် ရှမ်းပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအား တင်ပြအပ်ပါတယ် ခင်ဗျား။

**ဒုတိယဥက္ကဋ္ဌ။** ပြင်ဆင်ဖြည့်စွက်ချက်နှင့်စပ်လျဉ်းပြီး သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးမှ ဆွေးနွေးပေးရန်ဖြစ် ပါတယ်။

**ဦးစိုးညွန့်လွင်(ခ)ဦးစိုးကြီး။ စီမံကိန်းနှင့်စီးပွားရေးဝန်ကြီး။** ကန့်ကွက်ပါတယ်။ အိမ်တွင်းစက်မှုလက်မှုလုပ်ငန်း လုပ်ငန်းစတင်သောနှစ်အပါအဝင် တစ်ဆက်တည်း (၃)နှစ်အတွင်း အခွန်ကင်းလွတ်ခွင့်၊ သက်သာခွင့် လျှော့ပေါ့ထားခွင့်ရှိခြင်းဆိုတာ အခွန်ကင်းလွတ်ခွင့်၊ သက်သာခွင့် လျှော့ပေါ့ထားခွင့် စကားရပ်၏ အဓိပ္ပါယ်သည် အခွန်ကင်းလွတ်ခွင့်ပြုခြင်းဆိုရင် လုံလောက်ပါတယ်။ သက်သာခွင့်၊ လျှော့ပေါ့ထားခွင့် ဆိုတာထည့်သွင်း ရေးသွင်းရန် မလိုပါဘူး။ ဒါကြောင့်မို့ ကျွန်တော့်အနေနဲ့ အခွန်ကင်းလွတ်ခွင့်၊ သက်သာခွင့် လျှော့ပေါ့ထားခွင့်ရှိခြင်းဆိုတဲ့ စကားရပ် အစား "အခွန်ကင်းလွတ်ခွင့်ပြုခြင်း"လို့ ပြောင်းလဲပေးပါရန် တင်ပြ အပ်ပါတယ်ခင်ဗျား။

**ဒုတိယဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့ဝင်မှ ပြင်ဆင်ဖြည့်စွက်မှုမှာ အိမ်တွင်းစက်မှုလက်မှုလုပ်ငန်း လုပ်ငန်းစတင်သောနှစ်အပါအဝင် တစ်ဆက်တည်း (၃)နှစ်အတွင်း အခွန်ကင်းလွတ်ခွင့်၊ လျှော့ပေါ့ထားခွင့်ရှိခြင်း မှန်ပါသလား။

**ဦးစိုးညွန့်လွင်(ခ)ဦးစိုးကြီး။ စီမံကိန်းနှင့်စီးပွားရေးဝန်ကြီး။** အခွန်ကင်းလွတ်ခွင့် ပြုခြင်းပါ ခင်ဗျား။ အခွန်ကင်းလွတ်ခွင့် အပိုဒ် ၊ သက်သာခွင့်အပိုဒ်၊ လျှော့ပေါ့ကောက်ထားခွင့်ရှိခြင်း ဆိုတဲ့ စကားရပ်အစား "အခွန်ကင်းလွတ်ခွင့်ပြုခြင်း "စကားရပ် အစားထိုးရန်ဖြစ်ပါတယ် ခင်ဗျား။

**ဒုတိယဥက္ကဋ္ဌ။** အဲဒီမှာဝန်ကြီး စဉ်းစားပေးဖို့ကအခွန်ကင်းလွတ်ခွင့်ရှိခြင်းဆိုတဲ့ အကြောင်းအရာ တစ်ခုပဲ ပါသွားမှာ ဖြစ်တဲ့အတွက် သက်သာခွင့်ဆိုတဲ့ နေရာမှာ အခြားသက်သာခွင့်တွေ အမျိုးမျိုး နုတ်ယူခွင့်တွေ ရှိနိုင်ပါတယ်။ လျှော့ပေါ့ကောက်ထားခွင့်ကတော့ စက်မှုလက်မှုလုပ်ငန်းရှင်ကိုယ်တိုင် လျှော့ပေါ့ကောက်ထားမှ ခွင့်ပြုမှာဆိုတဲ့ သဘောကို ဥပဒေအသုံးအနှုန်းအရ ဆိုလိုခြင်း ဖြစ်ပါတယ်။ ဒါကြောင့် အခွန်ကင်းလွတ်ခွင့်၊ သက်သာခွင့်ကို လျှော့ပေါ့ကောက်ထားခွင့် ရှိတယ်လို့ ဆိုလိုခြင်းဖြစ်ပါတယ်။ ဒါကိုဝန်ကြီး ပြန်ပြီးတော့မှ စိစစ်ပေးနိုင်ရန်ဖြစ်ပါတယ်။ တစ်ခါတည်း အခွန်ကင်းလွတ်ခွင့်ပြုတဲ့ သဘောမဖြစ် အောင် ဆွေးနွေးပေးခြင်းဖြစ်ပါတယ်။ ဝန်ကြီးဆွေးနွေးနိုင်ပါတယ်။

**ဦးစိုးညွန့်လွင်(ခ)ဦးစိုးကြီး။ စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး။** ဒီစကားရပ်ရဲ့ အဓိပ္ပါယ်က လျှော့ပေါ့ကောက်ထားခွင့် လျှော့ပေါ့ကောက်ထားမှသာလျှင် အခွန်ကင်းလွတ်ခွင့်၊ သက်သာခွင့်ပြုမယ်ဆိုတဲ့ စကားရပ် အဓိပ္ပါယ်ဖြစ်ပါတယ်။ ကျွန်တော်ဆိုလိုတဲ့ အဓိပ္ပါယ်က အခွန်ကင်းလွတ်ခွင့်ပြုခြင်းဆိုတာက ဒီ လုပ်ငန်းစတင်တာနဲ့ တစ်ပြိုင်တည်း သူဟာလျှော့ပေါ့ကောက်ထားစရာမလိုဘဲနဲ့ အခွန်ကင်းလွတ်ခွင့်ပြု တယ်ဆိုတဲ့ အဓိပ္ပါယ် သက်ရောက်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ သက်ဆိုင်ရာ ပြည်နယ်အစိုးရ အဖွဲ့ဝင် ဝန်ကြီးအနေနဲ့ အိမ်တွင်းစက်မှုလက်မှုလုပ်ငန်း စတင်သောနှစ်အပါအဝင် တစ်ဆက်တည်း (၃)နှစ် အတွင်း အခွန်ကင်းလွတ်ခွင့်ရှိခြင်းဟု ပြင်ဆင်မှာ ဖြစ်ပါတယ်။ ဤပြင်ဆင်ချက်နှင့် ပတ်သက်ပြီး လွှတ်တော် ကိုယ်စားလှယ်များအနေနဲ့ ကန့်ကွက်ရန်ရှိပါသလား ခင်ဗျား။

(သုံးကြိမ်တိုင်တိုင်မေးပါသည်။ လွှတ်တော်က ကန့်ကွက်ရန်မရှိပါ။)

ကန့်ကွက်ရန်မရှိသည့်အတွက် အိမ်တွင်းစက်မှုလက်မှုလုပ်ငန်း လုပ်ငန်းစတင်သောနှစ် အပါအဝင် တစ်ဆက်တည်း(၃)နှစ်အတွင်း "အခွန်ကင်းလွတ်ခွင့်ပြုခြင်း" ဟူသော စာသားအား လွှတ်တော်ကိုယ်စားလှယ်များမှ ကန့်ကွက်ရန် မရှိသည့်အတွက် ပြင်ဆင်ချက်သည် အတည်ဖြစ်၍ ဤဥပဒေ၏ အစိတ်အပိုင်းဖြစ်ကြောင်း ကြေညာပါတယ်။

**ဦးညီညီ(ခ)ဦးညီလေးချမ်း၊ အတွင်းရေးမှူး၊ ဥပဒေပြုရေးဆိုင်ရာကော်မတီ။** ရှမ်းပြည်နယ် လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ကြီးများ ခင်ဗျား။ အခန်း(၁၀)၊

ပုဒ်မ ၁၇ ပြည်နယ်ဦးစီးမှူးက ချမှတ်သည့် ဆုံးဖြတ်ချက်ကို လုပ်ငန်းရှင်က မကျေနပ်ပါက ယင်းဆုံးဖြတ်ချက်ကို လက်ခံရရှိသည့်နေ့မှ ရက်ပေါင်း(၃၀)အတွင်း ဝန်ကြီးထံ အယူခံနိုင်သည် စကားရပ်အစား ပြည်နယ်ဦးစီးမှူးက ချမှတ်သည့် ဆုံးဖြတ်ချက်ကို လုပ်ငန်းရှင်က မကျေနပ်ပါက ယင်းဆုံးဖြတ်ချက်ကို လက်ခံရရှိသည့် နေ့မှ ရက်ပေါင်း(၆၀)"အတွင်း ဝန်ကြီးထံ အယူခံနိုင်သည်ဟု ဖြည့်စွက်ပြင်ဆင်သင့်ပါသည် ဟုဖော်ပြချက်အား အတည်ပြုပေးနိုင်ရန်အတွက် ရှမ်းပြည်နယ် လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များအား တင်ပြအပ်ပါတယ် ခင်ဗျား။

**ဒုတိယဥက္ကဋ္ဌ။** ပြင်ဆင်ဖြည့်စွက်ချက်နှင့်စပ်လျဉ်းပြီး သက်ဆိုင်ရာပြည်နယ်အစိုးရအဖွဲ့ဝင်မှ ဆွေးနွေးပေးရန်ဖြစ်ပါတယ်။

**ဦးစိုးညွန့်လွင်(ခ)ဦးစိုးကြီး။ စီမံကိန်းနှင့်စီးပွားရေးဝန်ကြီး။** အတည်ပြုပါသည်ခင်ဗျား။

**ဒုတိယဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ပြင်ဆင်ချက်နှင့်ပတ်သက်ပြီး ကန့်ကွက်ရန် ရှိပါသလား ခင်ဗျား။

(သုံးကြိမ်တိုင်တိုင်မေးပါသည်။ လွှတ်တော်က ကန့်ကွက်ရန်မရှိပါ။)

လွှတ်တော်ကိုယ်စားလှယ်များမှ ကန့်ကွက်ရန်မရှိသည့်အတွက် ပြင်ဆင်ချက်သည် အတည်ဖြစ်၍ ဤဥပဒေ၏ အစိတ်အပိုင်းဖြစ်ကြောင်း ကြေညာပါတယ်။

**ဦးညီညီ(ခ)ဦးညီလေးချမ်း၊ အတွင်းရေးမှူး၊ ဥပဒေပြုရေးဆိုင်ရာကော်မတီ။** ရှမ်းပြည်နယ် လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ကြီးများ ခင်ဗျား။ အခန်း(၁၁)၊ ပုဒ်မ ၁၉ တွင် မည်သူမဆို ဤဥပဒေအရ အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းကို မှတ်ပုံတင်ခြင်းမရှိဘဲ လုပ်ကိုင်ခြင်း မပြုရ။ ဤတားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်း ခံရလျှင် ငွေဒဏ်အနည်းဆုံး ကျပ် ငါးသောင်းမှ အများဆုံး ကျပ် တစ်သိန်း အထိ ချမှတ်နိုင်သည် စကားရပ်အစား မည်သူမဆို ဤဥပဒေအရ အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းကို မှတ်ပုံတင်ခြင်း မရှိဘဲ လုပ်ကိုင်ခြင်းမပြုရ။ ဤတားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်း ခံရလျှင် "ငွေဒဏ်အနည်းဆုံး ကျပ်တစ်သိန်းမှ အများဆုံး ကျပ်သုံးသိန်းအထိ" ချမှတ်နိုင်သည်ဟု ဖြည့်စွက်ပြင်ဆင်သင့်ပါသည်ဟု ဖော်ပြချက်အား အတည်ပြုပေးနိုင်ရန်အတွက် ရှမ်းပြည်နယ် လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအား တင်ပြအပ်ပါတယ် ခင်ဗျား။

**ဒုတိယဥက္ကဋ္ဌ။** ပြင်ဆင်ဖြည့်စွက်ချက်နှင့်စပ်လျဉ်းပြီး သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီး မှ ဆွေးနွေးပေးရန်ဖြစ် ပါတယ်။

**ဦးစိုးညွန့်လွင်(ခ)ဦးစိုးကြီး။စီမံကိန်းနှင့်စီးပွားရေးဝန်ကြီး။** အတည်ပြုပါသည် ခင်ဗျား။

**ဒုတိယဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ပြင်ဆင်ချက်နှင့်ပတ်သက်ပြီး ကန့်ကွက်ရန် ရှိပါသလား ခင်ဗျား။

(သုံးကြိမ်တိုင်တိုင်မေးပါသည်။ လွှတ်တော်က ကန့်ကွက်ရန်မရှိပါ။)

လွှတ်တော်ကိုယ်စားလှယ်များမှ ကန့်ကွက်ရန်မရှိသည့်အတွက် ပြင်ဆင်ချက်သည် အတည်ဖြစ်၍ ဤဥပဒေ၏ အစိတ်အပိုင်းဖြစ်ကြောင်း ကြေညာပါတယ်။

**ဦးညီညီ(ခ)ဦးညီလေးချမ်း၊ အတွင်းရေးမှူး၊ ဥပဒေပြုရေးဆိုင်ရာကော်မတီ။** ရှမ်းပြည်နယ် လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ကြီးများ ခင်ဗျား။ အခန်း(၁၁)၊ ပုဒ်မ ၂၀ တွင် မည်သူမဆို ပုဒ်မ ၁၉ အရ ပြစ်မှုထင်ရှား စီရင်ခြင်းခံရပြီးနောက် ယင်းပြစ်မှုကို ဆက်လက် ဖောက်ဖျက်ကျူးလွန်ပါက ဆက်လက် ဖောက်ဖျက်ကျူးလွန်ခြင်းပြုသည့်နေ့ အသီးသီး အတွက် ထိုသူကိုတစ်နေ့လျှင် ငွေဒဏ် ကျပ်ငါးထောင် ချမှတ်ရမည် စကားရပ်အစား မည်သူမဆို ပုဒ်မ ၁၉ အရ ပြစ်မှု ထင်ရှားစီရင်ခြင်းခံရပြီးနောက် ယင်းပြစ်မှုကို ဆက်လက် ဖောက်ဖျက်ကျူးလွန်ပါက ဆက်လက်ဖောက်ဖျက်ကျူးလွန်ခြင်းပြုသည့်နေ့ အသီးသီး အတွက် ထိုသူကို တစ်နေ့လျှင် “ငွေဒဏ် ကျပ် တစ်သောင်း” ချမှတ်ရမည် ဟု ဖြည့်စွက်ပြင်ဆင်သင့်ပါသည်ဟု ဖော်ပြချက်အား အတည်ပြု ပေးနိုင်ရန်အတွက် ရှမ်းပြည်နယ်လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် များကြီးအား တင်ပြအပ်ပါတယ် ခင်ဗျား။

**ဒုတိယဥက္ကဋ္ဌ။** ပြင်ဆင်ဖြည့်စွက်ချက်နှင့်စပ်လျဉ်းပြီး သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးမှ ဆွေးနွေးပေးရန်ဖြစ်ပါတယ်။

**ဦးစိုးညွန့်လွင်(ခ)ဦးစိုးကြီး။ စီမံကိန်းနှင့်စီးပွားရေးဝန်ကြီး။** အတည်ပြုပါသည် ခင်ဗျား။

**ဒုတိယဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ပြင်ဆင်ချက်နှင့်ပတ်သက်ပြီး ကန့်ကွက်ရန် ရှိပါသလား ခင်ဗျား။

(သုံးကြိမ်တိုင်တိုင်မေးပါသည်။ လွှတ်တော်က ကန့်ကွက်ရန်မရှိပါ။)

လွှတ်တော်ကိုယ်စားလှယ်များမှ ကန့်ကွက်ရန်မရှိသည့်အတွက် ပြင်ဆင်ချက်သည် အတည်ဖြစ်၍ ဤဥပဒေ၏ အစိတ်အပိုင်းဖြစ်ကြောင်း ကြေညာပါတယ်။

**ဦးညီညီ(ခ)ဦးညီလေးချမ်း၊ အတွင်းရေးမှူး၊ ဥပဒေပြုရေးဆိုင်ရာကော်မတီ။** ရှမ်းပြည်နယ် လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ကြီးများ ခင်ဗျား။ ဦးစိုင်းကျော်ဇေယျ၊ လဲချားမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ တင်ပြထားသောအကြံပြုချက်ကိုဆက်လက် တင်ပြမှာဖြစ်ပါတယ် ခင်ဗျား။ အခန်း(၂)၊ ပုဒ်မ၃(ဂ) မြန်မာ့ရိုးရာဆိုသည့် စကားလုံးအစား "ရှမ်းပြည်နယ်အတွင်း တိုင်းရင်းသားများ၏" ဆိုသည့် စကားလုံးဖြင့် အစားထိုးနိုင်ရန်တင်ပြထားခြင်း နှင့်ပတ်သက်ပြီး အတည်ပြုပေးနိုင်ရန်အတွက် ရှမ်းပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ကြီးများအား တင်ပြအပ်ပါတယ်ခင်ဗျား။

**ဒုတိယဥက္ကဋ္ဌ။** ပြင်ဆင်ဖြည့်စွက်ချက်နှင့် စပ်လျဉ်းပြီးသက်ဆိုင်ရာ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် မှ ဆွေးနွေးပေးရန်ဖြစ်ပါတယ်။

**ဦးစိုင်းကျော်ဇေယျ၊ လဲချားမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။** လေးစားရပါသော ရှမ်းပြည်နယ် လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီး ခင်ဗျား။ ရှမ်းပြည်နယ်အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းဥပဒေ(မူကြမ်း) ဟာ ရှမ်းပြည်နယ်အတွက်ကိုဘဲ ရည်ရွယ်ပြုစုခြင်းဖြစ်တယ်လို့ သဘောပေါက်ထားပါတယ်။ မြန်မာ့ ရိုးရာဆိုတဲ့ စကားလုံးကတော့ ပြည်ထောင်စုတစ်ဝန်းလုံးနဲ့ သက်ဆိုင်တဲ့ စကားရပ်တစ်ခုလို့မြင် ပါတယ်။ ရှမ်းပြည်နယ်အတွက်ပဲ ရည်စူးပြီးမှ တင်သွင်းတဲ့ ဥပဒေကြမ်းဖြစ်တဲ့အတွက် ဒီနေရာမှာ "ရှမ်းပြည်နယ်အတွင်း တိုင်းရင်းသား များ၏ရိုးရာ"ဆိုသည့်စကားလုံးဖြင့် အစားထိုးနိုင်ဖို့ အကြံပြု တင်ပြအပ်ပါတယ် ခင်ဗျား။

**ဒုတိယဥက္ကဋ္ဌ**။ ၎င်းပြင်ဆင်ချက်နှင့်စပ်လျဉ်းပြီး သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးမှ ဆွေးနွေးပေးရန် ဖြစ်ပါတယ်။

**ဦးစိုးညွန့်လွင်(ခ)ဦးစိုးကြီး။ စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး။** ကန့်ကွက်ပါတယ်။ အခန်း(၂)၊ ပုဒ်မ ၃(ဂ)အရ မြန်မာ့ရိုးရာဆိုသည့် စကားလုံးသည် ခြုံငုံသုံးသပ်တာကတော့ ဥပဒေတစ်ခုလုံးကို ရည်ရွယ်ချက် မပါဘဲနဲ့ သုံးသပ်ထားတဲ့ စကားလုံးဖြစ်ပါတယ်။ သို့သော်လည်း ရှမ်းပြည်နယ်အတွင်း ရှိတဲ့ အတွက် မြန်မာ့ရိုးရာ ဆိုသည့် စကားလုံးအစား "ရှမ်းပြည်နယ်အတွင်း တိုင်းရင်းသားရိုးရာ"ဆိုတဲ့ စကားလုံးနေရာမှာ ရှမ်းပြည်နယ် အတွင်းကို ဖျက်ပြီးတော့ဆိုပြီးတော့ တိုင်းရင်းသား အားလုံး all inclusive ဖြစ်အောင် တိုင်းရင်းသားရိုးရာ ဆိုပြီးတော့ တိုင်းရင်းသားဘဲ အားလုံးကို ကိုယ်စားပြုတဲ့

စကားလုံး “တိုင်းရင်းသားရိုးရာ”ကိုဘဲ ထည့်သွင်းပြင်ဆင်သင့်ပါကြောင်း ကျွန်တော့်အနေနဲ့ တင်ပြအပ်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းကျော်ဇေယျမှ မြန်မာ့ရိုးရာဆိုသည့် စကားလုံးအစား “ရှမ်းပြည်နယ်အတွင်းတိုင်းရင်းသားများ၏ ရိုးရာ”ဆိုသည့် စကားလုံးကိုအဆိုပြု ပါတယ်။ အဆိုပြုချက်နှင့်ပတ်သက်ပြီး ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီး မှ “တိုင်းရင်းသားရိုးရာ ”ဆိုသည့် စကားလုံးကို အစားထိုး နိုင်ဖို့ တင်ပြလာတာဖြစ်ပါတယ်။ ၎င်း တင်ပြချက်နှင့် ပတ်သက်ပြီး ဤဥပဒေပါ အခန်း(၂)၊ ပုဒ်မ ၃(ဂ) တွင် ဖော်ပြထားသော မြန်မာ့ရိုးရာဆိုသည့် စကားလုံး အစား “တိုင်းရင်းသားရိုးရာ” ဆိုသည့် စကားလုံးကို အစားထိုးမှုနှင့်ပတ်သက်ပြီး ပြည်နယ် လွှတ်တော် ကိုယ်စားလှယ်များ သဘောတူပါသလားခင်ဗျား။

**ဦးစိုင်းထွန်းဉာဏ်၊ ကျောက်မဲမြို့နယ်မဲဆန္ဒနယ် အမှတ်(၂)။** လေးစားအပ်ပါသော လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီး ခင်ဗျား။ ရှမ်းပြည်နယ်ရှိ တိုင်းရင်းသားများဆိုရင် ပိုပြည့်စုံမှာပါ။ တိုင်းရင်းသားဆိုတာက ရခိုင်မှာရှိနေတဲ့ အခြားတိုင်းရင်းသားလည်းဘဲ ရည်ညွှန်းသွားသလိုဖြစ်နိုင်ပါတယ်။ ရှမ်းပြည်နယ်အတွင်းရှိ တိုင်းရင်းသားများဆိုတော့ အတိကျဆုံးနှင့် အသေချာဆုံးလို့ တင်ပြချင်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ**။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်(၁)ဦးမှ ရှမ်းပြည်နယ်အတွင်းရှိ တိုင်းရင်းသားများ၏ ရိုးရာဆိုသည့် စကားလုံးကို တင်ပြလာတာဖြစ်ပါတယ်။ ၎င်းတင်ပြချက်နှင့်ပတ်သက်ပြီး ပြည်နယ်အစိုးရ အဖွဲ့ဝင်ဝန်ကြီးအနေနဲ့ ဆွေးနွေးနိုင်ပါတယ်။

**ဦးစိုးညွန့်လွင်(ခ)ဦးစိုးကြီး။ စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး။** ကျွန်တော်ရဲ့ ဆိုလိုရင်းက မြန်မာ့ရိုးရာဆိုတဲ့ စကားလုံးကို အစားထိုးပြင်ဆင်တဲ့အတွက် ရှမ်းပြည်နယ်အတွင်းရှိ မှီတင်းနေထိုင်ကြကုန်သော တိုင်းရင်းသားများဆိုတဲ့ စကားလုံး စကားရပ်က အင်မတန်ဖောင်းပွနေပါတယ်။ စကားလုံးကျစ်လစ်မှ ဥပဒေက ကျစ်လစ်ဖို့အတွက် သုံးရတာပါ။ ဘယ်သူ့ကိုမှ ကိုယ်စားမပြုပါဘူး။ တိုင်းရင်းသားအားလုံးကို ကိုယ်စားပြုတဲ့ စကားလုံး မြန်မာ့ရိုးရာအစား တိုင်းရင်းသားရိုးရာဆိုတာ ဘယ်တိုင်းရင်းသားမှ မထိခိုက်မနစ်နာပါဘူး။ ကျွန်တော့်အနေနဲ့ ပိုပြီးတော့ အငြင်းပွားစရာ မရှိပါဘူး။ သို့သော်လည်းဘဲ နေရာထိုင်ခင်းကို ဖော်ပြတဲ့အတွက် စကားလုံးကိုကျစ်လစ်ပြီးတော့ ဥပဒေနဲ့အညီဖြစ်အောင် မြန်မာ့ရိုးရာအစား တိုင်းရင်းသားရိုးရာဆိုတဲ့ စကားလုံးကို အင်မတန်လှပ ပြီးတော့

ဥပဒေအနေနဲ့ မဖော်ပြပွတဲ့စကားလုံးဖြစ်တဲ့အတွက် အတည်ပြုပေးပါရန် လေးစားစွာတင်ပြအပ်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ပြင်ဆင်ချက်နှင့်ပတ်သက်ပြီး သက်ဆိုင်ရာ ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင် ဝန်ကြီးအနေနဲ့ တိုင်းရင်းသားများ၏ ရိုးရာဆိုသည့် စကားလုံးကို ကျစ်ကျစ်လစ်လစ်နဲ့ သုံးစွဲနိုင်ရန် အကြံပြုဆွေးနွေးသွားပါတယ်။ ဆွေးနွေးမှုနှင့် ပတ်သက်ပြီး လွှတ်တော်ရဲ့ သဘောတူညီချက်ကို ထပ်မံတောင်းခံမှာ ဖြစ်ပါတယ်။ ဝန်ကြီးမှ ပြင်ဆင်ရန် အကြံပြုချက်နှင့်ပတ်သက်၍ "တိုင်းရင်းသားများ၏ရိုးရာ" ဆိုသည့် စကားလုံး အစားထိုးနိုင်ရန်အတွက် တင်ပြလာတာဖြစ်တဲ့အတွက် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ ကန့်ကွက်ရန် ရှိပါသလား ခင်ဗျား။

**ဦးစိုင်းထွန်းဉာဏ်၊ ကျောက်မဲမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။** လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော်တို့ ဒီပြင်ဆင်တဲ့ စကားလုံးကတော့ အငြင်းပွားတာ မဟုတ်ပါဘူး ခင်ဗျား။ တိုင်းရင်းသားဆိုတာကတော့ အမည်ပေါ့ဗျာ။ ကျွန်တော်တို့က နေရာကို ပြောချင်တာပါ။ မောင်နီ ဆိုတာက စစ်ကိုင်းတိုင်းက မောင်နီလည်း ဖြစ်နိုင်ပါတယ်။ မော်လမြိုင်က မောင်နီလည်းဖြစ်နိုင်ပါတယ်။ ကျွန်တော်ဆိုလိုချင်တာက မောင်နီ ၊ ရှမ်းပြည်အတွင်းရှိ မောင်နီကို ဆိုလိုခြင်းဖြစ်ပါတယ်။ စကားလုံး တစ်လုံးသုံးတဲ့နေရာမှာ ဦးစိုင်းကျော်ဇေယျ တင်ပြသလိုပါဘဲ ရှမ်းပြည်နယ်ကိုဘဲ ရည်ရွယ်ပြီး ပြဋ္ဌာန်းထားတဲ့ ဥပဒေဖြစ်ပါတယ်။ ရှမ်းပြည်နယ်အတွင်းရှိ တိုင်းရင်းသားများဆိုတာက အတိကျဆုံးနဲ့ အမှန်ကန် ဆုံးလို့ယူဆပါတယ်။ ဆိုလို ချင်တာက တိုင်းရင်းသား များဆိုတာက ၁၃၅ မျိုးကို ဆိုလိုတာလား ၊ ရှမ်းပြည်နယ်အတွင်းရှိကိုဆိုလိုတာလား။ တိကျတဲ့ စကားလုံး အဓိပ္ပါယ် မထွက်ပါဘူး။ သို့သော် ကျွန်တော်တို့ လိုချင်တာကတော့ မောင်နီသည် ရှမ်းပြည်က မောင်နီကို ဆိုလိုခြင်း ဖြစ်ပါတယ်။ အဲဒါကို တင်ပြရပါစေ ခင်ဗျား။ အားလုံးကို ကျေးဇူး တင်ပါတယ် ခင်ဗျား။

**ဒုတိယဥက္ကဋ္ဌ။** လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြင်ဆင်ချက်နှင့်စပ်လျဉ်းပြီး လွှတ်တော်ကိုယ်စားလှယ်(၁)ဦးမှ “ ရှမ်းပြည်နယ်အတွင်းရှိ တိုင်းရင်းသားများ၏ရိုးရာ” ဆိုသည့် စကားလုံးကို ရှမ်းပြည်နယ်အတွင်းမှာ ပြဋ္ဌာန်းသောဥပဒေဖြစ်တဲ့အတွက်ဖော်ပြရန် တင်ပြလာခြင်း ဖြစ်ပါတယ်။ ဒါနဲ့ ပတ်သက်ပြီး ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ ပြင်ဆင်ချက်နှင့် စပ်လျဉ်းပြီး ရှမ်းပြည်နယ်အတွင်းရှိ တိုင်းရင်းသားများ၏ရိုးရာဆိုသည့် စကားလုံး စကားရပ်ရယ်၊ နောက် တိုင်းရင်းသားများ၏ ရိုးရာ ဆိုသည့် စကားရပ် နှစ်ခုအပေါ်မှာ သဘောကွဲလွဲမှု ဖြစ်နေတာ

ဖြစ်ပါတယ်။ ဒါနဲ့ပတ်သက်ပြီး ဒီပြင်ဆင်ချက်ကို လွှတ်တော်ရဲ့ အဆုံးအဖြတ် ရယူပါမယ်။ ဥပဒေပြုရေးဆိုင်ရာ ကော်မတီ၊ သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီး တို့မှ ပြင်ဆင်ထားသည့် အတိုင်း "တိုင်းရင်းသားများ၏ ရိုးရာ" ဆိုသည့် စကားလုံးနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်မှ အဆိုပြုတင်ပြသော "ရှမ်းပြည်နယ်အတွင်းရှိ တိုင်းရင်းသားများ၏ရိုးရာ"ဆိုသည့် စကားလုံးကို လွှတ်တော်၏ အဆုံးအဖြတ်ကို ရယူသွားမှာ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များ မိမိနေရာ၌ မတ်တတ် ရပ်ပြီးဆန္ဒပြုနိုင်ပါတယ်။ သဘောတူသည့် လွှတ်တော်ကိုယ်စားလှယ် သဘောတူသည့် လွှတ်တော်ကိုယ်စားလှယ်ဆိုရာမှာ "ရှမ်းပြည်နယ်အတွင်းရှိ တိုင်းရင်းသားများ၏ရိုးရာ" ဆိုသည့် စကားရပ်ကို သဘောတူသည့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ မိမိနေရာမှာ မတ်တတ်ရပ်၍ ဆန္ဒပြုရန် ဖြစ်ပြီး "တိုင်းရင်းသားများ၏ရိုးရာ" ဆိုသည့် စကားရပ်ကို အတည်ပြု သော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ မိမိနေရာမှာ ထိုင်လျက် အနေအထားနဲ့ပဲ ဆန္ဒပြုရန် ဖြစ်ပါတယ်။

ဒါကြောင့်မို့လို့ လွှတ်တော်ကိုယ်စားလှယ်များရဲ့ အဆုံးအဖြတ်ကို ရယူပါမယ်။ မြန်မာ့ရိုးရာ ဆိုသည့် စကားလုံးအစား "ရှမ်းပြည်နယ်အတွင်းရှိ တိုင်းရင်းသားများ၏ ရိုးရာ "ဆိုသည့် စကားလုံးကို ထောက်ခံသည့်၊ သဘောတူသည့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ မတ်တတ်ရပ်ပြီး ဆန္ဒပြုရန်ဖြစ်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ မြန်မာ့ရိုးရာဆိုသည့် စကားလုံး အစား "ရှမ်းပြည်နယ်အတွင်းရှိ တိုင်းရင်းသားများ၏ရိုးရာ "ဆိုသည့် စကားလုံးကို ထောက်ခံသည့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်(၄၇)ဦးရှိပါတယ်။ ဒီနေ့ ရှမ်းပြည်နယ်လွှတ်တော် တတိယပုံမှန်အစည်းအဝေး(စတုတ္ထနေ့)အတွက် တက်ရောက်အင်အား (၁၁၇)ဦး ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ တက်ရောက်အင်အား (၁၁၇)ဦးမှာ ထိုင်နေတဲ့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်က (၇၀) ဦးဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ လွှတ်တော်ရဲ့ ဆန္ဒမဲပေးမှုအရ ပြင်ဆင်ချက်နှင့်စပ်လျဉ်းပြီး ဥပဒေပြုရေးဆိုင်ရာကော်မတီနဲ့ သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီး၏ ပြင်ဆင်ထားသည့် အတိုင်း သဘောတူသည့် လွှတ်တော်ကိုယ်စားလှယ်ဦးရေသည် အစည်းအဝေးတက်ရောက်၍ ဆန္ဒမဲ ပေးသည့် ကိုယ်စားလှယ်ဦးရေ၏ ထက်ဝက်ထက်များတဲ့အတွက် ဥပဒေပြုရေးဆိုင်ရာကော်မတီနဲ့ သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီး၏ ပြင်ဆင်ချက်သည် အတည်ဖြစ်၍ ပြင်ဆင်ချက်အရ မြန်မာ့ရိုးရာဆိုသည့် စကားလုံးအစား "တိုင်းရင်းသားများ၏ ရိုးရာ"ဆိုသည့် စကားလုံးဖြင့် ပြင်ဆင်ချက်သည် အတည်ဖြစ်၍ ဤဥပဒေ၏ အစိတ်အပိုင်း ဖြစ်ကြောင်း ကြေညာပါတယ်။

**ဦးညီညီ(ခ)ဦးညီလေးချမ်း၊ အတွင်းရေးမှူး၊ ဥပဒေ ပြုရေးဆိုင်ရာကော်မတီ။** ရှမ်းပြည်နယ် လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ကြီးများ ခင်ဗျား။ သီပေါမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါ်နန်းစမ်းစမ်းအေးရဲ့ အဆိုပြုချက်များကို ဆက်လက်တင်ပြသွားမှာ ဖြစ်ပါတယ်။ အခန်း(၁)၊ ပုဒ်မ ၂(င) ကော်မတီဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းထားသော "အိမ်တွင်း စက်မှုလက်မှုလုပ်ငန်းကော်မတီ"ကို ဆိုသည့် စကားရပ်အစား "အိမ်တွင်းစက်မှုလက်မှုလုပ်ငန်း ကြီးကြပ်မှုကော်မတီ"ကိုဆိုသည်ဟု ပြင်ဆင်ပေးရန် အဆိုပြုထားပါတယ်။ အဆိုပါအဆိုပြုချက်ကို အတည်ပြုပေးနိုင်ရန်အတွက် ရှမ်းပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့် ရှမ်းပြည်နယ် လွှတ်တော်ကိုယ်စားလှယ်ကြီးများအား တင်ပြအပ်ပါတယ် ခင်ဗျား။

**ဒုတိယဥက္ကဋ္ဌ။** ပြင်ဆင်ချက်နှင့်စပ်လျဉ်းပြီး သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးမှ ဆွေးနွေးပေးရန် ဖြစ်ပါတယ်။

**ဦးစိုးညွန့်လွင်(ခ)ဦးစိုးကြီး။ စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး။** ကန့်ကွက်ပါတယ်။ ကော်မတီ ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းထားသော "အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းကော်မတီ"ကိုဆိုသည် ဆိုတာကို အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းကြီးကြပ်ဆိုတာ သွားထည့်လို့မရပါဘူး။ ကြီးကြပ်ကို ထည့်ခဲ့မယ်ဆိုရင် ကြီးကြပ်ကော်မတီကို ထည့်သွင်းခဲ့မယ်ဆိုရင် အခန်း(၃) ခေါင်းစဉ်ကိုပါ ပြန်ပြောင်း ရပါလိမ့်မယ်။ ဒီဟာက မဖြစ်နိုင်ပါဘူး။

**ဒုတိယဥက္ကဋ္ဌ။** သက်ဆိုင်ရာ အဆိုပြု တင်ပြသူ ဒေါ်နန်းစမ်းစမ်းအေး ဆွေးနွေးနိုင်ပါတယ်။

**ဒေါ်နန်းစမ်းစမ်းအေး၊ သီပေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။** လေးစားရပါသော လွှတ်တော် ဒုတိယဥက္ကဋ္ဌနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များရှင်။ကော်မတီဆိုသည်မှာကော်မတီဖွဲ့စည်းခြင်း သည် ကြီးကြပ်ခြင်းကို ကြီးကြပ်ဖို့သာ ဖွဲ့စည်းခြင်းလို့ မြင်ပါတယ်။ ဒီအတွက်ကြောင့် အိမ်တွင်းစက်မှု လက်မှုလုပ်ငန်းကော်မတီဆိုသည့် စကားရပ်အစား "အိမ်တွင်းစက်မှုလက်မှု လုပ်ငန်းကြီးကြပ်မှု ကော်မတီ"ဟု ပြင်ဆင်ဖို့ အဆို တင်သွင်းခြင်းဖြစ်ပါတယ်ရှင်။

**ဒုတိယဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်အနေနဲ့ ကြီးကြပ်မှုဆိုတဲ့ စကားရပ်ကို ထည့်သွင်းဖော်ပြစေလိုတဲ့ သဘောဖြစ်ပါတယ်။ သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့ဝင်အနေနဲ့ ကြီးကြပ်မှုကော်မတီသည် ကော်မတီတစ်ရပ်၊ စက်မှုလက်မှုလုပ်ငန်းကော်မတီသည် ကော်မတီ တစ်ရပ်လို့ ဆိုလိုတဲ့အတွက် တင်ပြသွား တာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဒီပြင်ဆင်ချက်နှင့် ပတ်သက် ပြီး သဘောကွဲလွဲမှုဖြစ်တာ ဖြစ်တဲ့အတွက် ဒီပြင်ဆင်ချက်နှင့်စပ်လျဉ်းပြီး လွှတ်တော်ရဲ့ အဆုံးအဖြတ်

ကို ခံယူမှာ ဖြစ်ပါတယ်။ ပြင်ဆင်ချက်နှင့်စပ်လျဉ်းပြီး “အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းကြီးကြပ်မှု ကော်မတီ” ကိုဆိုသည်ဟု ပြင်ဆင်ရန်အဆိုပြုချက်အား ထောက်ခံသည့် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ မိမိနေရာမှာ မတ်တတ်ရပ်ပြီး ဆန္ဒပြုပေးပါ။ “အိမ်တွင်းစက်မှုလက်မှုလုပ်ငန်း ကော်မတီ”ကိုသာ အတည်ပြုမယ်ဆိုတဲ့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ မိမိနေရာမှာပဲ ထိုင်လျက်ဆန္ဒပြုပေးဖို့ ဖြစ်ပါတယ်။ ဒါကြောင့်မို့ အခုချိန်ကစပြီး ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ ဆန္ဒပြုဖို့ ဖြစ်ပါတယ်။ “အိမ်တွင်းစက်မှု လက်မှုလုပ်ငန်းကြီးကြပ်မှု ကော်မတီ” ကိုဆိုသည် ဟု ပြင်ဆင်ရန် အဆိုပြုချက်အား ထောက်ခံသည့် ပြည်နယ်လွှတ်တော်ကိုယ်စား လှယ်များ မတ်တတ်ရပ်ဆန္ဒပြုပေးဖို့ဖြစ် ပါတယ်။

**ဒုတိယဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ပြင်ဆင်ချက်နှင့်စပ်လျဉ်းပြီး ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ဖော်ပြသည့်အတိုင်း သဘောတူသည့် လွှတ်တော်ကိုယ်စားလှယ် ဦးရေသည် အစည်းအဝေးတက်ရောက် ဆန္ဒမဲပေးသည့် ကိုယ်စားလှယ်ဦးရေ၏ ထက်ဝက်ထက် များတဲ့အတွက် ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ အဆိုပြုချက်ဖြစ်သော ကော်မတီဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းထားသော “အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းကော်မတီ”ကို ဆိုသည်ဟုစကားရပ် သည် အတည်ဖြစ်တဲ့အတွက် ဤဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ဖော်ပြချက်သည် အတည်ဖြစ် ကြောင်း၊ အတည်ပြုပြဋ္ဌာန်းပြီး ဤဥပဒေ၏အစိတ်အပိုင်းဖြစ်ကြောင်းကြေညာပါတယ်။

**ဦးညီညီ(ခ)ဦးညီလေးချမ်း၊ အတွင်းရေးမှူး၊ ဥပဒေပြုရေးဆိုင်ရာကော်မတီ။** ရှမ်းပြည်နယ် လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ကြီးများ ခင်ဗျား။ သီပေါမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါ်နန်းစမ်းစမ်းအေးရဲ့ အဆိုပြုချက်များကို ဆက်လက်တင်ပြသွားမှာ ဖြစ်ပါတယ်။ အခန်း (၁)၊ ပုဒ်မ၂(ဈ) လုပ်ငန်းရှင်ဆိုသည်မှာ ဤဥပဒေအရ အိမ်တွင်းစက်မှုလက်မှု လုပ်ငန်းလုပ်ကိုင်ရန် “မှတ်ပုံတင်ခွင့် ရရှိသူ” ကို ဆိုသည့် စကားရပ်အစား “မှတ်ပုံတင်ထားရှိသူ”ကို ဆိုသည်ဟု ပင်ဆင်ပေးရန် အဆိုပြုထားပါတယ်။ အဆိုပါ အဆိုပြုချက်ကို အတည်ပြုပေးနိုင်ရန် အတွက် ရှမ်းပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့် ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ်ကြီး များအား တင်ပြအပ်ပါတယ်ခင်ဗျား။

**ဒုတိယဥက္ကဋ္ဌ။** ၎င်းပြင်ဆင်ချက်နှင့်စပ်လျဉ်းပြီး သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးမှ ဆွေးနွေးပေးရန် ဖြစ်ပါတယ်။

**ဦးစိုးညွန့်လွင်(ခ)ဦးစိုးကြီး။ စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး။** လေးစားအပ်ပါသော လွှတ်တော် ဒုတိယဥက္ကဋ္ဌ ကြီးခင်ဗျား။ လုပ်ငန်းရှင်ဆိုသည်မှာ ဤဥပဒေအရ အိမ်တွင်းစက်မှုလက်မှုလုပ်ငန်း လုပ်ကိုင်ရန် "မှတ်ပုံတင်ခွင့်ရရှိသူ" ကို ဆိုသည် စကားရပ်အစား "မှတ်ပုံတင်ထားရှိသူ" ဆိုတာကို ကန့်ကွက်ပါတယ်။ ဘာကြောင့်လဲဆိုတော့ လုပ်ငန်းတစ်ခုဟာ မှတ်ပုံတင်ရုံနဲ့ လုပ်ငန်းဟာ လုပ်ခွင့် မရသေးပါဘူး။ မှတ်ပုံတင် ခွင့်ရရှိ ပြီးမှသာ လုပ်ငန်းဟာလုပ်ကိုင်ခွင့်ရရှိမှာ ဖြစ်ပါတယ်။ ဒါကြောင့် မှတ်ပုံတင်ထားရုံနဲ့ မရပါဘူး။ ဒါကြောင့် ဒီအဆိုကို ကန့် ကွက်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ။** ပြင်ဆင်ရန်အကြံပြုသည့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဆွေးနွေးနိုင် ပါတယ်။ ဒေါ်နန်းစမ်းစမ်းအေး၊ သီပေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။ လုပ်ငန်းရှင်ဆိုသည်မှာလို အခိပ္ပါယ်ဖွင့်ထားတဲ့အတွက်ကြောင့်မှတ်ပုံတင်ခွင့်ရရှိသူလို့သုံးနှုန်းရင် နိုင်ငံသားတိုင်းကမှတ်ပုံတင်ခွင့် ရှိပါတယ်။ ဒါကြောင့် လုပ်ငန်းရှင်လို့ အခိပ္ပါယ်ဖွင့်ဆိုတဲ့နေရာမှာ မှတ်ပုံတင်ထားရှိသူလို့ သုံးမှသာ ပိုပြီးသင့်တော် တယ်လို့မြင်ပါတယ်ရှင်။

**ဒုတိယဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဤပြင်ဆင်ချက်နှင့် ပတ်သက်ပြီး ဆက်လက်မဲခွဲဆုံးဖြတ်မှာ ဖြစ်ပါတယ်။ မဲခွဲဆုံးဖြတ်ပြီး လွှတ်တော်ရဲ့ အဆုံးအဖြတ်ကို ရယူသွားမှာ ဖြစ်ပါတယ်။ ဥပဒေပြုရေးဆိုင်ရာကော်မတီနှင့် ဥပဒေတင်သွင်းသူ ပြည်နယ်အစိုးရအဖွဲ့ အနေနဲ့ လုပ်ငန်းရှင်ဆိုသည်မှာ ဤဥပဒေအရ အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းလုပ်ကိုင်ရန် "မှတ်ပုံတင်ခွင့်ရရှိသူ" ကိုဆိုသည်ဟု တင်ပြထားပါတယ်။ ဒီတင်ပြချက်နှင့် ပတ်သက်ပြီး ပြင်ဆင်ရန် အကြံပြုချက်မှာ "မှတ်ပုံတင်ထားရှိသူ" ကိုဆိုသည် ဟုပြင်ဆင်ရန် အဆိုပြုလာတာဖြစ်ပါတယ်။ "မှတ်ပုံတင်ခွင့်ရရှိသူ"နှင့် "မှတ်ပုံတင်ထားရှိသူ" စကားရပ်နှစ်ခုဟာ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များအနေနဲ့ "မှတ်ပုံတင်ထားရှိသူ" ဆိုသည့်စကားရပ်ကို ထောက်ခံသည့် ကိုယ်စားလှယ်များ မိမိနေရာမှရပ်ပြီး ဆန္ဒပြုဖို့ဖြစ်ပါတယ်။ "မှတ်ပုံတင်ခွင့်ရရှိသူ" ဟု စကားရပ်အား ထောက်ခံသည့် ကိုယ်စားလှယ်များ မိမိနေရာမှာဘဲ ထိုင်လျက်အနေအထားနဲ့ ဆန္ဒပြုပေးဖို့ဖြစ်ပါ တယ်။ ဒါကြောင့် "မှတ်ပုံတင်ထားရှိသူ" ဆိုသည့် စကားရပ်ကို ထောက်ခံသည့် ကိုယ်စားလှယ်များ မတ်တတ်ရပ်ဆန္ဒပြု ပေးဖို့ဖြစ်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ပြင်ဆင်ချက်နှင့်စပ်လျဉ်းပြီး သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့ဝင်မှ အဆိုပြုတင်ပြထားသော လုပ်ငန်းရှင်ဆိုသည်မှာ ဤဥပဒေ အရ အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းလုပ်ကိုင်ရန် "မှတ်ပုံတင်ခွင့်ရရှိသူ" ကိုဆိုသည်ဟု ဆိုသည့်

စကားရပ်ကို အစည်းအဝေးတက်ရောက်၍ ဆန္ဒမဲပေးတဲ့ ကိုယ်စားလှယ်ဦးရေရဲ့ ထက်ဝက်ထက်များပြီး ထောက်ခံထားတာဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့ ဒီဥပဒေပါ အခန်း(၁)၊ ပုဒ်မ၂(ဈ)အရ လုပ်ငန်းရှင်ဆိုသည်မှာ ဤဥပဒေအရ အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းလုပ်ကိုင်ရန် "မှတ်ပုံတင်ခွင့်ရရှိသူ" ကိုဆိုသည့် စကားရပ်မှာ အတည်ဖြစ်တဲ့အတွက် ဤဥပဒေ၏ အစိတ်အပိုင်းဖြစ်ကြောင်း ကြေညာပါတယ်။

**ဦးညီညီ(ခ)ဦးညီလေးချမ်း၊ အတွင်းရေးမှူး၊ ဥပဒေပြုရေးဆိုင်ရာကော်မတီ။** ရှမ်းပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ကြီးများ ခင်ဗျား။ အခန်း(၃)၊ ပုဒ်မ ၅(စ)တွင် ဥပဒေနှင့်အညီ "စီမံခန့် ခွဲနည်းအရ အရေးယူဆောင်ရွက်ခြင်း"ကိုဆိုသည် စကားရပ်အစား ဥပဒေနှင့်အညီ "ကြီးကြပ်ခြင်း"ဟု ပြင်ဆင်ပေးရန် အဆိုပြုထားပါတယ်။ အဆိုပါ အဆိုပြုချက်ကို အတည်ပြုပေးနိုင်ရန်အတွက် ရှမ်းပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့် ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ်ကြီးများအား တင်ပြအပ်ပါတယ်ခင်ဗျား။

**ဒုတိယဥက္ကဋ္ဌ။** သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးမှ ဆွေးနွေးပေးရန် ဖြစ်ပါတယ်။

**ဦးစိုးညွန့်လွင်(ခ)ဦးစိုးကြီး။ စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး။** သဘောမတူပါဘူး ခင်ဗျား။ ဥပဒေနှင့်အညီ " စီမံခန့်ခွဲနည်းအရ အရေးယူဆောင်ရွက်ခြင်း" အစား ဥပဒေနှင့်အညီ "ကြီးကြပ်ခြင်း" ဆိုသည့် စကားလုံးနှင့် ပတ်သက်၍ ဥပဒေမှာကြီးကြပ်လို့မရပါဘူး။ ကြီးကြပ်ရုံနဲ့ မဟုတ်ဘဲနဲ့ ဥပဒေနှင့်အညီ စီမံခန့်ခွဲမှုရှိရမယ်။ အရေးယူ action ရှိရပါမယ်။ ဒါကြောင့်မို့လို့ ကန့်ကွက်ပါတယ် ခင်ဗျား။

**ဒုတိယဥက္ကဋ္ဌ။** အဆိုပြုပြင်ဆင်ရန် တင်ပြသူ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်အနေနဲ့ ဆွေးနွေး နိုင်ပါတယ်။

**ဒေါ်နန်းစမ်းစမ်းအေး၊ သီပေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။** မူလအတိုင်းသဘောတူပါတယ်ရှင်။

**ဒုတိယဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဤအဆိုနဲ့ပတ်သက်ပြီး လွှတ်တော် ကိုယ်စားလှယ် အဆိုပြုသူမှလည်း မူလအတိုင်း သဘောတူညီသွားပြီ ဖြစ်ပါတယ်။ ဒါကြောင့် ဒီပြင်ဆင်ချက် အဆိုပြုချက်နှင့်ပတ်သက်ပြီး လွှတ်တော်ကိုယ်စားလှယ်များမှ ကန့်ကွက်ရန် ရှိပါသလားခင်ဗျား။

(သုံးကြိမ်တိုင်တိုင်မေးပါသည်။ လွှတ်တော်က ကန့်ကွက်ရန်မရှိပါ။)

ဤဥပဒေပြုရေးနှင့်ပတ်သက်၍ ဥပဒေပါ အခန်း(၃)၊ ပုဒ်မ ၅(စ)အရ ဥပဒေနှင့်အညီ “စီမံခန့်ခွဲနည်းအရ အရေးယူဆောင်ရွက်ခြင်း” ဟူသော စကားရပ်သည် အတည်ဖြစ်တဲ့အတွက် ဤဥပဒေ၏ အစိတ်အပိုင်း ဖြစ်ကြောင်း ကြေညာပါတယ်။

**ဦးညီညီ(ခ)ဦးညီလေးချမ်း၊ အတွင်းရေးမှူး၊ ဥပဒေ ပြုရေးဆိုင်ရာကော်မတီ။** ရှမ်းပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ကြီးများ ခင်ဗျား။ အခန်း(၄)၊ ပုဒ်မ ၆(င) ပြည်နယ်ဦးစီးမှူးမှ တင်ပြသော မှတ်ပုံတင် လုပ်ငန်းများကို ကြီးကြပ်ခြင်း၊ မှတ်ပုံတင်ကို ဆိုင်းငံ့ခြင်း၊ ပယ်ဖျက်ခြင်းနှင့် ရပ်စဲခြင်းတို့ကို ဆုံးဖြတ်ခြင်းစကားရပ်အစား ပြည်နယ်ဦးစီးမှူးမှ တင်ပြသော မှတ်ပုံတင်လုပ်ငန်းများကို ကြီးကြပ်ခြင်း၊ မှတ်ပုံတင်ကိုဆိုင်းငံ့ခြင်း၊ ပယ်ဖျက်ခြင်းနှင့် ရပ်စဲခြင်းတို့ကို “ကော်မတီ၏ သဘောထားနှင့်အညီ ဆုံးဖြတ်ခြင်းဟုပြင်ဆင် ပေးရန်အဆိုပြုထား ပါတယ်။ အဆိုပါအဆိုပြုချက်ကို အတည်ပြုပေးနိုင်ရန်အတွက် ရှမ်းပြည်နယ်လွှတ်တော် ဒုတိယ ဥက္ကဋ္ဌကြီးနှင့် ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ကြီးများအား တင်ပြအပ် ပါတယ်ခင်ဗျား။

**ဒုတိယဥက္ကဋ္ဌ။** ၎င်းပြင်ဆင်ချက်နှင့်စပ်လျဉ်းပြီး သက်ဆိုင်ရာပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးမှ ဆွေးနွေးပေးရန် ဖြစ်ပါတယ်။

**ဦးစိုးညွန့်လွင်(ခ)ဦးစိုးကြီး၊ စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး။** ကန့်ကွက်ပါတယ်။ အစိုးရအဖွဲ့ဝန်ကြီး၏ လုပ်ပိုင်ခွင့်အပေါ် ကော်မတီသို့ သဘောထားတောင်းခံစေခြင်း ကသာဖြစ်သင့်ပါတယ်။ အခန်း(၃) ပုဒ်မ ၅(က)အရ ဆိုရင် ကော်မတီရဲ့ လုပ်ပိုင်ခွင့်တွေကို အပြည့်အဝပေးထားပြီး ဖြစ်ပါတယ်။ ဒါက အစိုးရဝန်ကြီး ဌာနတစ်ခုရဲ့ ဝန်ကြီးတစ်ယောက်အပေါ် ကျော်နင်းတဲ့ သဘောထား ဖြစ်တဲ့အတွက် ကန့်ကွက်ပါတယ် ခင်ဗျား။

**ဒုတိယဥက္ကဋ္ဌ။** အဆိုပြုတင်ပြသော သက်ဆိုင်ရာလွှတ်တော်ကိုယ်စားလှယ် ဆွေးနွေးနိုင်ပါတယ်။

**ဒေါ်နန်းစမ်းစမ်းအေး၊ သီပေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။** ပြည်နယ်ဦးစီးမှူးမှ တင်ပြသော မှတ်ပုံတင်လုပ်ငန်းများသာပါ ပါတယ်ရှင်။ ဒီနေရာမှာ ဆုံးဖြတ်သူမပါတဲ့အတွက် ကော်မတီ၏ သဘောထားနှင့်အညီ ဆိုတဲ့စကားရပ်ကို ထည့်ပေးပြီးမှသာ ကော်မတီဝင် အားလုံးရဲ့ သဘောဆန္ဒပါကြောင်း ဆိုလိုလို့ရ ပါတယ်ရှင်။ အကယ်၍ ပြည်နယ်ဦးစီးမှူးမှ တစ်ဦးတည်းကို ပြည်နယ်ဦးစီးမှူးမှ လို့ပဲပြောရင် ပြည်နယ်ဦးစီးမှူး တစ်ဦးတစ်ယောက်ရဲ့ ဆန္ဒတစ်ခုပဲ ပါမှာပါရှင်။ ဒါကြောင့်မို့

ကော်မတီ၏ သဘောထားနှင့်အညီ လို့ဆိုတဲ့ စကားရပ်ထည့်မယ်ဆိုရင် ပိုပြီးသင့်လျော် ပိုပြီးတိကျပါတယ်ရှင်။

**ဒုတိယဥက္ကဋ္ဌ။** လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဤအဆိုပြုပြင်ဆင်ရန်ချက် ပြင်ဆင်ရန် အဆိုပြုချက်နှင့် ပတ်သက်ပြီး လွှတ်တော်ရဲ့ အဆုံးအဖြတ်ကို ခံယူမှာ ဖြစ်ပါတယ်။

**ဦးစိုင်းထွန်းဉာဏ် ၊ ကျောက်မဲမြို့နယ်မဲဆန္ဒနယ်အမှတ်(၂) ။** ဒီအခန်း(၃)မှာ ယခုကိစ္စအရ ဝိဝါဒကွဲပြား နေတာရှိပါတယ်။ ပြည်နယ်ဦးစီးမှူး ဆိုတာက ဖွဲ့စည်းပုံကော်မတီထဲမှာပါပြီးသား ဖြစ်ပါတယ်။ ဝန်ကြီးပြောသလို ဦးစီးက ကော်မတီထိပ်မှာရှိတာ မဟုတ်ပါဘူး ခင်ဗျား။ ကော်မတီထဲမှာ ဦးစီးပါတဲ့ အနေအထားမျိုး ဖြစ်နေပါတယ်။ ထို့ကြောင့် ဒီကော်မတီဆိုတာက ကော်မတီရဲ့ ဆုံးဖြတ်ချက်ကသာ ဖြစ်သင့်တယ်။ ဆိုလိုချင်တာကတော့ အစည်းအဝေးဆုံးဖြတ်ချက်အရသာ စီမံခန့်ခွဲနိုင်တဲ့အနေအထား ဖြစ်ပါတယ်။ အကယ်၍ ကော်မတီရှိပြီး ဦးစီးမှူးက တစ်ယောက်တည်း ဖြစ်နေမည်ဖြစ်သည့်အတွက် အခွင့်အရေးတစ်ရပ်အနေနဲ့ စဉ်းစားနိုင်ဖို့ အားလုံးတာဝန်ရှိပါတယ်ဟု မဲခွဲဆုံးဖြတ်ချက်မယူသေးတဲ့ အချိန်ကာလအတွင်း တင်ပြလိုပါတယ်။ ပြည်နယ်ဦးစီးမှူးက ကော်မတီမှာ ပါဝင်ပြီးသော်လည်း တစ်ဦးတည်းကသာ ဆုံးဖြတ်မည်လား သို့မဟုတ် ကော်မတီကို အစည်းအဝေးတွင် တိုင်ပင်ပြီးမှ ဆုံးဖြတ်မည်လားဆိုသည့် အခင်းအကျင်းလေးကို ကျွန်တော်တို့က ခင်းပေးရမှာ ဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ။** မဲခွဲဆုံးဖြတ်ခြင်းမပြုမီ ပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးဆွေးနွေးနိုင်ပါတယ်။

**ဦးစိုးညွန့်လွင်(ခ)ဦးစိုးကြီး။ စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး။** ဝန်ကြီးရဲ့ ဆုံးဖြတ်ချက်က အဓိကပါ။ ဥပဒေနဲ့ အညီ ဆုံးဖြတ်တာပါ။

**ဒုတိယဥက္ကဋ္ဌ။** ပြည်နယ်ဦးစီးမှူးမှ တင်ပြသော မှတ်ပုံတင်လုပ်ငန်းများကို ကြီးကြပ်ခြင်း၊ မှတ်ပုံတင်ကို ဆိုင်းငံ့ခြင်း၊ ပယ်ဖျက်ခြင်းနှင့် ရပ်စဲခြင်းတို့ကို ဆုံးဖြတ်ခြင်းဟု မူလဥပဒေမှာ ဖော်ပြထားတာ ဖြစ်ပါတယ်။ ပြင်ဆင်ရန်အကြံပြုချက်ကတော့ ပြည်နယ်ဦးစီးမှူးမှ တင်ပြသော မှတ်ပုံတင်လုပ်ငန်းများကို ကြီးကြပ်ခြင်း၊ မှတ်ပုံတင်ကို ဆိုင်းငံ့ခြင်း၊ ပယ်ဖျက်ခြင်းနှင့် ရပ်စဲခြင်းတို့ကို "ကော်မတီ၏ သဘောထားနှင့်အညီ ဆုံးဖြတ်ခြင်း"ဟု ပြင်ဆင်ရန် အဆိုပြုထားတာဖြစ်ပါတယ်။ ဒီအဆိုပြုချက်နှင့် ပတ်သက်ပြီး ပြည်နယ် လွှတ်တော်ရဲ့အဆုံးအဖြတ်ကို ခံယူမှာ ဖြစ်ပါတယ်။

**ဦးစိုင်းထွန်းဉာဏ်၊ ကျောက်မဲမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။** လွှတ်တော်ရဲ့အဆုံးအဖြတ်ကို မယူခင်မှာ ဝိဝါဒကွဲလွဲနေပါတယ်။ ဝန်ကြီးပြောသလိုမျိုး ဝန်ကြီး၏ အဆုံးအဖြတ်သည် အပြီးအပြတ်

ဖြစ်ရမယ်ဆိုတာ လက်ခံပါတယ်။ အဲတစ်ဆင့်ရဲ့အောက်မှာ ဦးစီးမှူးဆိုတာရှိပါတယ်။ အယူခံခြင်းဆိုတဲ့ အခန်း(၁၀)မှာ ပြည်နယ်ဦးစီးမှူးက ချမှတ်သောဆုံးဖြတ်ချက်ကို လုပ်ငန်းရှင်က မကျေနပ်ပါက ယင်းဆုံးဖြတ်ချက်ကို လက်ခံပြီး ရရှိသည့်နေ့မှ ရက်ပေါင်း (၃၀)အတွင်း ဝန်ကြီးထံ အယူခံနိုင်သည်ကို ကျွန်တော်ဆိုလိုချင်တာက ဝန်ကြီး ပြောသလို ဝန်ကြီးရဲ့ အဆုံးအဖြတ်အပြီးအပြတ်ဆိုတာ လက်ခံပါတယ်။ သူ့ရဲ့အောက်မှာက နောက်တစ်ဆင့် ရှိပါသေးတယ်။ ပြည်နယ်ဦးစီးဦးဆောင်တဲ့ ကော်မတီဆိုတာရှိပါသေးတယ်။ ဆိုလိုချင်တာကတော့ ပြည်နယ်ဦးစီးမှူးကိုပဲ အလုပ်ပေးမလား။ ဝန်ကြီးလက်အောက်မှာ ဖွဲ့ထားတဲ့ကော်မတီကို အလုပ်ပေးမလား။ ဒါကို ကျွန်တော်ဝန်ကြီးကို မေတ္တာရပ်ခံချင်ပါတယ်။ သေသေချာချာ စကားလုံးလေး အဓိပ္ပါယ်လေး ချိတ်ဆက်မိနိုင်အောင် စဉ်းစားနိုင်ဖို့ပါ။ ဒီတစ်ခါလွဲချော်သွားမယ်ဆိုရင်ပြင်ဆင်ရတာ၊ပြန်တင်ရတာနဲ့အဲဒါလေးကို လွှတ်တော်ကိုယ်စားလှယ်အားလုံး သေချာဖတ်ရှုပြီးတော့မှ လွှတ်တော်ရဲ့ အဆုံးအဖြတ်မယူခင်မှာ သေချာစဉ်းစားဖို့ မေတ္တာရပ်ခံပါတယ်။

**ဒုတိယဥက္ကဋ္ဌ။** ဆွေးနွေးလိုသော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ဆွေးနွေးနိုင်ပါတယ်။

**ဦးအောင်သန်းထွဋ်၊ လောက်ကိုင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။** ကော်မတီဖွဲ့မည်ဆိုလျှင်၊ ဝန်ကြီး အဆုံးအဖြတ် အပြီးအပြတ်ဖြစ်သည်ဆိုလျှင် ဒီကော်မတီဖွဲ့နေစရာမလိုပါဘူး။ ဒါအတိုချုပ်ပါ။

**ဦးကြွယ်ကြွယ်၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်။** အကြံပေးတဲ့သဘောပါ။ အခန်း(၃)မှာ ကော်မတီဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များလို့ ပါပါတယ်။ ပြန်ကြည့်ရင်တော့ ကော်မတီဖွဲ့စည်းခြင်းနှင့် ကော်မတီ၏ လုပ်ပိုင်ခွင့်တာဝန်များဆိုရင် သူ့ရဲ့ လုပ်ပိုင်ခွင့်တွေပါမှာပါ။ အခုက သူ့ရဲ့တာဝန်ပဲ ပါပါတယ်။ အခန်း(၄)မှာက ဝန်ကြီး၏ လုပ်ပိုင်ခွင့်များလို့ ရေးသားထားပါတယ်။ အခန်း(၅)မှာ ပြည်နယ်ဦးစီးမှူးရဲ့ တာဝန်နဲ့ လုပ်ပိုင်ခွင့်များလို့ ရေးသားထားပါတယ်။ ဒီ Clause လေး တစ်ခုကိုပြင်မယ်ဆိုရင် ဒီရှိတဲ့ အပိုဒ်တွေ၊ အခန်းတွေ အကုန်လုံးကို အသစ်ပြင်ဆင်ရေးဆွဲရမယ့် အနေအထားဖြစ်ပါတယ်။ ပြောချင်တာကတော့ ဒီကော်မတီမှာ လုပ်ငန်းတာဝန်တော့ပေးထားတယ်။ လုပ်ပိုင်ခွင့်တော့မပါပါဘူး။ ဥပဒေတွင် ဝန်ကြီးမှာ လုပ်ပိုင်ခွင့်ပေးထားတယ်။ ပြည်နယ်ဦးစီးမှူးမှာ တာဝန်နဲ့လုပ်ပိုင်ခွင့်ပေးထားပါတယ်။ ဒီအပိုဒ်လေးတစ်ခု၊ ဒီတစ်ကြောင်းလေး ပြင်လိုက်တာနဲ့ တစ်ပြိုင်တည်းရှိတဲ့ဥပဒေတွေ အကုန်လုံးက အသစ်ပြန်ရေးရမယ့် သဘောဖြစ်သွားမှာပါ။ ဒါကိုလည်း စဉ်းစားစေချင်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ။** လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ လွှတ်တော်ကိုယ်စားလှယ်အသီးသီးမှ တင်ပြဆွေးနွေးမှုများနှင့် ပတ်သက်ပြီး မူလဥပဒေပါ စကားရပ်ကို ထပ်မံဖတ်ကြားပေးပါ့မယ်။ မူလဥပဒေပါ စကားရပ်မှာ အခန်း(၄)၊ ပုဒ်မ၆(င) ပြည်နယ်ဦးစီးမှူးမှတင်ပြသော မှတ်ပုံတင်လုပ်ငန်းများကို ကြီးကြပ်ခြင်း၊ မှတ်ပုံတင်ကို ဆိုင်းငံ့ခြင်း၊ ပယ်ဖျက်ခြင်းနှင့်ရပ်စဲခြင်းတို့ကို ဆုံးဖြတ်ခြင်းဟု ဖော်ပြထားပါတယ်။ ပြင်ဆင်ရန် အကြံပြုချက်အနေနဲ့ ပြည်နယ်ဦးစီးမှူးမှ တင်ပြသော မှတ်ပုံတင်လုပ်ငန်းများကို ကြီးကြပ်ခြင်း၊ မှတ်ပုံတင်ကို ဆိုင်းငံ့ခြင်း၊ ပယ်ဖျက်ခြင်းနှင့်ရပ်စဲခြင်းတို့ကို“ ကော်မတီ၏ သဘောထားနှင့်အညီ” ဆုံးဖြတ်ခြင်းဟု ပြင်ဆင်ရန်အဆိုပြုထားတာဖြစ်ပါတယ်။ အဆိုပြု ပြင်ဆင်ရန် တင်ပြတာကတော့ “ကော်မတီ၏ သဘောထားနှင့်အညီ” ဆိုတဲ့စကားရပ်ကို ထည့်သွင်းပေးဖို့ ပြင်ဆင်ချက်အနေနဲ့ တင်ပြထားခြင်းဖြစ်ပါတယ်။ ဒီတင်ပြချက်နှင့် ပတ်သက်ပြီး ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် အသီးသီးမှ စိတ်ပါဝင်စားစွာ ဆွေးနွေးခဲ့ကြပြီးဖြစ်ပါတယ်။ ဒါကြောင့် လွှတ်တော်ရဲ့ အဆုံးအဖြတ်ကို ရယူတဲ့အခါမှာ လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ မိမိရဲ့ ဥပဒေပြုရေးမဏ္ဍိုင်ကို တာဝန်ကျေပွန်စွာ၊ တာဝန်သိစွာ ဆောင်ရွက်နိုင်ရန်အတွက် ဒီဥပဒေပါ စကားရပ်နှင့် ပတ်သက်ပြီး လွှတ်တော်ရဲ့ အဆုံးအဖြတ်ယူတဲ့အချိန်မှာ လွှတ်လွှတ်လပ်လပ်ဆန္ဒပြဖို့ဖြစ်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ပြင်ဆင်ချက်နှင့်စပ်လျဉ်းပြီး လွှတ်တော်ရဲ့ အဆုံးအဖြတ်ကို ရယူသွားမှာဖြစ်တဲ့အတွက် ဥပဒေပြုရေးဆိုင်ရာကော်မတီမှ တင်ပြထားသည့်အတိုင်းသဘောတူတဲ့ လွှတ်တော်ကိုယ်စားလှယ်များ မိမိနေရာမှာ မတ်တတ်ရပ်၍ ဆန္ဒပြုဖို့ဖြစ်ပါတယ်။ ဆိုလိုတာက ပြည်နယ်ဦးစီးမှူးမှ တင်ပြသောမှတ်ပုံတင်လုပ်ငန်းများကို ကြီးကြပ်ခြင်း၊ မှတ်ပုံတင်ကို ဆိုင်းငံ့ခြင်း၊ ပယ်ဖျက်ခြင်းနှင့် ရပ်စဲခြင်းတို့ကို ဆုံးဖြတ်ခြင်းဆိုသည့် စကားရပ်ဖြစ်ပါတယ်။ အဲဒီစကားရပ်ကို ထောက်ခံတဲ့ လွှတ်တော်ကိုယ်စားလှယ်များ မိမိနေရာမှာ မတ်တတ်ရပ်ပြီး ဆန္ဒပြုပါ။ ပြင်ဆင်ရန် အကြံပြုချက်ဖြစ်တဲ့ ပြည်နယ်ဦးစီးမှူးမှ တင်ပြသော မှတ်ပုံတင်လုပ်ငန်းများကို ကြီးကြပ်ခြင်း၊ မှတ်ပုံတင်ကို ဆိုင်းငံ့ခြင်း၊ ပယ်ဖျက်ခြင်းနှင့်ရပ်စဲခြင်း တို့ကို “ ကော်မတီ၏ သဘောထားနှင့်အညီ” ဆုံးဖြတ်ခြင်း ဟု ပြင်ဆင်ရန်အဆိုပြုချက်ကို ထောက်ခံတဲ့သူများကတော့ ထိုင်လျက်အနေအထားနဲ့ဘဲ ဆန္ဒပြုလို့ရပါတယ်။ မူလ ဥပဒေပါစကားရပ်အတိုင်း ထောက်ခံမယ်ဆိုတဲ့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ မတ်တတ်ရပ်ပြီး ဆန္ဒပြုပေးဖို့ဖြစ်ပါတယ်။ အားလုံးဆောင်ရွက်နိုင်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ပြင်ဆင်ချက်နှင့်စပ်လျဉ်းပြီး မူလဥပဒေပြုပြဋ္ဌာန်းချက်ဖြစ်တဲ့ ပြည်နယ်ဦးစီးမှူးမှ တင်ပြသောမှတ်ပုံတင်လုပ်ငန်းများကို

ကြီးကြပ်ခြင်း၊ မှတ်ပုံတင်ကိုဆိုင်းငံ့ခြင်း၊ ပယ်ဖျက်ခြင်းနှင့် ရပ်စဲခြင်းတို့ကို ဆုံးဖြတ်ခြင်း ဆိုသည့် စကားရပ်ကို သဘောတူသည့် လွှတ်တော်ကိုယ်စားလှယ်များ မတ်တတ်ရပ်ဆန္ဒပြုခဲ့ပါတယ်။ ဆန္ဒပြုတဲ့နေရာမှာ မတ်တတ်ရပ် ဆန္ဒပြုသော လွှတ်တော်ကိုယ်စားလှယ်ပေါင်း (၅၂)ဦး ရှိပါတယ်။ ရှမ်းပြည်နယ်လွှတ်တော် တတိယပုံမှန်အစည်းအဝေး (စတုတ္ထနေ့)ကို တက်ရောက်ခွင့် ရှိသော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ဦးရေမှာ(၁၁၇)ဦးဖြစ်ပါတယ်။ဒါကြောင့်ဥပဒေရဲ့မူလပြဋ္ဌာန်းချက်မှာ ဖော်ပြထားသော ပြည်နယ်ဦးစီးမှူးမှတင်ပြသော မှတ်ပုံတင်လုပ်ငန်းများကို ကြီးကြပ်ခြင်း၊ မှတ်ပုံတင်ကို ဆိုင်းငံ့ခြင်း၊ ပယ်ဖျက်ခြင်းနှင့်ရပ်စဲခြင်းတို့ကို ဆုံးဖြတ်ခြင်းဆိုသည့် စကားရပ်အစား "ကော်မတီ၏သဘောထားနှင့်အညီ " ဆုံးဖြတ်ခြင်းဟုပြင်ဆင်ရန် အဆိုပြုသော လွှတ်တော်ကိုယ်စားလှယ်များက ပိုမိုများပြားတာဖြစ်တဲ့အတွက် " ကော်မတီ၏ သဘောထားနှင့်အညီ ဆုံးဖြတ်ခြင်း"ဟု ပြင်ဆင်ရန် အဆိုပြုချက်သည် အတည်ဖြစ်၍ ဤဥပဒေ၏ အစိတ်အပိုင်းဖြစ်ကြောင်း ကြေညာပါတယ်။

**ဦးညီညီ(ခ)ဦးညီလေးချမ်း၊ အတွင်းရေးမှူး၊ ဥပဒေပြုရေးဆိုင်ရာကော်မတီ။** ရှမ်းပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ကြီးများ ခင်ဗျား။ အခန်း(၄)၊ ပုဒ်မ ၆(စ) အိမ်တွင်းစက်မှုလက်မှုလုပ်ငန်း ဟုတ်၊ မဟုတ် နှင့်စပ်လျဉ်း၍ အငြင်းပွားမှု ပေါ်ပေါက်လာပါက "ပြည်နယ်ဦးစီးမှူး"၏ တင်ပြချက်ကို စိစစ်၍ ဆုံးဖြတ်ခြင်း စကားရပ်အစား "ကော်မတီ အစည်းအဝေး ကျင်းပ၍" စိစစ်ဆုံးဖြတ်ခြင်းဟု ပြင်ဆင်ပေးရန် အဆိုပြုထားပါတယ်။ အဆိုပါ အဆိုပြုချက်ကို အတည်ပြုပေးနိုင်ရန်အတွက် ရှမ်းပြည်နယ်လွှတ်တော် ဒုတိယ ဥက္ကဋ္ဌကြီးနှင့် ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ကြီးများအား တင်ပြအပ်ပါတယ် ခင်ဗျား။

**ဒုတိယဥက္ကဋ္ဌ။** ပြင်ဆင်ချက်နှင့်စပ်လျဉ်းပြီး သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးမှ ဆွေးနွေး ပေးရန် ဖြစ်ပါတယ်။

**ဦးစိုးညွန့်လွင်(ခ)ဦးစိုးကြီး။ စီမံကိန်းနှင့် စီးပွားရေး ဝန်ကြီး။** ကန့်ကွက်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ။** အခန်း(၄)၊ ပုဒ်မ ၆(စ)အရ အိမ်တွင်း စက်မှုလက်မှုလုပ်ငန်း ဟုတ်၊ မဟုတ် နှင့်စပ်လျဉ်း၍ အငြင်းပွားမှု ပေါ်ပေါက်လာပါက "ပြည်နယ်ဦးစီးမှူး"၏ တင်ပြချက်ကို စိစစ်၍ ဆုံးဖြတ်ခြင်း စကားရပ်အစား "ကော်မတီ အစည်းအဝေး ကျင်းပ၍" စိစစ်ဆုံးဖြတ်ခြင်း ဟု ပြင်ဆင်ရန် အဆိုပြုထားတာ ဖြစ်ပါတယ်။ "ကော်မတီ အစည်းအဝေး ကျင်းပ၍" စိစစ် ဆုံးဖြတ်ခြင်း ဟု ပြင်ဆင်ရန်အဆိုပြုသော လွှတ်တော်ကိုယ်စားလှယ် ဆွေးနွေးနိုင်ပါတယ်။

**ဒေါ်နန်းစမ်းစမ်းအေး၊ သီပေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။** "ပြည်နယ်ဦးစီးမှူး"၏ တင်ပြချက်ကို စိစစ်၍ ဆုံးဖြတ်ခြင်းဆိုတဲ့နေရာမှာ ဆုံးဖြတ်သူမပါ ပါဘူးရှင်။ ဒါကြောင့်"ပြည်နယ်ဦးစီးမှူး"၏ တင်ပြချက်ဆိုတဲ့နေရာမှာ တစ်ဦးတစ်ယောက်ပေါ်မှာလည်း မူတည်နေတယ်။ ပြီးတော့ ဆုံးဖြတ်သူမပါတဲ့အတွက်ကြောင့် ပိုပြီးမှတိကျတဲ့ "ကော်မတီ အစည်းအဝေးကျင်းပ၍" စိစစ်ဆုံးဖြတ်ခြင်း ဆိုပြီးတော့ အကြံပြုထားပါတယ်ရှင်။ ကျေးဇူးတင်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ။** ယခုဥပဒေပါစကားရပ်နဲ့ ပတ်သက်ပြီးတော့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များမှ ဆွေးနွေးနိုင်ပါတယ်။

**ဦးတင်ဦး၊ ရှမ်းပြည်နယ်ဥပဒေချုပ်။** ရှမ်းပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီး ခင်ဗျား။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်မဟုတ်သော်လည်းဘဲ ရှမ်းပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်တစ်ဦးအနေနဲ့ ဒီဥပဒေရဲ့ ကွဲလွဲမှုလေးတွေကို အနည်းငယ် ရှင်းလင်းတင်ပြခွင့်ပြုပါလို့ ခွင့်ပြုတောင်းခံအပ်ပါတယ်။ ကျွန်တော်တို့ ဒီအချက်နဲ့ပတ်သက်ပြီး ပုဒ်မ ၆ ကိုစဉ်းစားတဲ့အခါမှာ ပုဒ်မခွဲအပိုဒ်ကိုပဲ စဉ်းစားနေတာဖြစ် ပါတယ်။ ပုဒ်မခွဲ ၆ ရဲ့ မူရင်းပုဒ်ဖြစ်တဲ့ ဝန်ကြီးသည် ကော်မတီနှင့် ဦးစီးဌာနကို ဦးဆောင်၍ အောက်ပါလုပ်ငန်းများကို ဆောင်ရွက်ရမည်လို့ ဆိုပါတယ်။ ပြည်နယ်ဦးစီးမှူးက ဆောင်ရွက်နေခြင်း မဟုတ်ပါဘူး။ ဝန်ကြီးရဲ့ လုပ်ပိုင်ခွင့်အဖြစ် ဝန်ကြီးဟာ ကော်မတီ၏ ဥက္ကဋ္ဌ အဖြစ်လည်းကောင်း၊ ဦးစီးဌာနကို ဦးဆောင်နေသူ အဖြစ် လည်းကောင်း၊ ကော်မတီ vice (ဦးစီးဌာနမှူး)ရဲ့ ဝတ္တရားတွေကို သုံးသပ်ပြီး ဆုံးဖြတ်ချက်တွေကို ဆောင်ရွက်ပိုင်ခွင့် ရရှိသူဖြစ်ပါတယ်။ အဲဒီ ဆောင်ရွက်ပိုင်ခွင့်ရရှိသူ ဒီမှာ ဖော်ပြထားတဲ့ အပိုဒ်ဟာ ပုဒ်မ ၆ ရဲ့ မူရင်းပိုဒ်ဖြစ်တဲ့ ဝန်ကြီးသည် ကော်မတီနှင့် ဦးစီးဌာနကိုဦးဆောင်၍ အောက်ပါလုပ်ငန်းများဆောင်ရွက် ရမည်ဆိုတဲ့ ဆုံးဖြတ်ပိုင်ခွင့်ကို ဆောင်ရွက်နေခြင်းသာ ဖြစ်ပါတယ်။ ဦးစီးဌာနမှူးက ဆောင်ရွက်နေခြင်း မဟုတ်ဘူးလို့ ရှင်းလင်းတင်ပြ လိုပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဒုတိယဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ယခု ရှမ်းပြည်နယ်ဥပဒေချုပ်မှ တင်ပြဆွေးနွေးမှုနှင့်ပတ်သက်ပြီး အခန်း(၄)၊ ပုဒ်မ ၆(စ)ပါ ဖော်ပြချက်များသည် ပြည်နယ်ဦးစီးမှူး၏ ဆိုသည့် တစ်ဦးတစ်ယောက်ရဲ့ တင်ပြချက်ကို ဆုံးဖြတ်ခြင်းမဟုတ်ဘဲ ပြည်နယ်ဦးစီးမှူးအဖွဲ့ဝင်အဖြစ် ပါဝင် ဆောင်ရွက်ခဲ့သော ကော်မတီ၏ ဆုံးဖြတ်ချက်သဘောမျိုးသက်ရောက်ပါကြောင်း ရှင်းလင်းဆွေးနွေးတင်ပြသွားပါတယ်။ ဒါကြောင့် ဒီနေ့ ရှမ်းပြည်နယ်အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းဥပဒေ(မူကြမ်း)နှင့်ပတ်သက်ပြီး အခန်း(၅)၊ ပုဒ်မ ၈(ခ)၊ အခန်း(၆)၊ ပုဒ်မ ၁၀ စသည်အားဖြင့်

တစ်ဆက်တည်း တင်ပြသွားမယ့် ဥပဒေပြုရေးဆိုင်ရာကော်မတီရဲ့ အစီရင်ခံစာအရ "ကော်မတီ" ဆိုသည့် စကားရပ်များတစ်လျှောက် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်မှ အဆိုပြုပြင်ဆင်ရန် တင်ပြသွားခြင်းဖြစ်ပါတယ်။

ပြည်နယ်လွှတ်တော် အစည်းအဝေးကျင်းပမှုအချိန်ကို အချိန်ရဲ့ ကန့်သတ်ချက်အရ အမှတ်စဉ် (၆)(၇)(၈)ဖော်ပြပါကိစ္စရပ်များသည် ပြည်နယ်ဦးစီးမှူးသည် ကော်မတီကို ကိုယ်စားပြုပြီး ဆုံးဖြတ်ခြင်း ဖြစ်တဲ့အပေါ်မှာ ဝန်ကြီးမှ ဆက်လက်ဆောင်ရွက်မည့်ကိစ္စရပ်များဖြစ်တဲ့အတွက် ရှမ်းပြည်နယ် လွှတ်တော် ကိုယ်စားလှယ်များအနေနဲ့ ဥပဒေပြုရေးတာဝန်များကို ဆောင်ရွက်ရာမှာ ဥပဒေပညာရှင်များ မဟုတ်သော်လည်း ဥပဒေရေးရာကိစ္စရပ်များကို စိတ်ပါဝင်စားစွာနှင့် ပါဝင်ဆွေးနွေးကြတဲ့ အတွက်လည်း လွှတ်တော်အနေနဲ့ မှတ်တမ်းတင်ပါတယ်။ ပြည်နယ်ဥပဒေချုပ် ရှင်းလင်းဆွေးနွေး သွားသလို ဖော်ပြပါ အမှတ်စဉ် (၆၊ ၇၊ ၈)တစ်ဆက်တည်းသည် ကော်မတီဆိုသည့် စကားရပ်မှာ ပြည်နယ်ဦးစီးမှူး ကိုယ်စားပြုသောကော်မတီ ဖြစ်နေတဲ့အတွက် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ ဒီပြင်ဆင်ချက်တွေနဲ့ ပတ်သက်ပြီး မူလစကားရပ်အတိုင်းထားသင့်ပါတယ်လို့ စဉ်းစားဆုံးဖြတ်သော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ ပြည်နယ်လွှတ်တော်ရဲ့ အဆုံးအဖြတ်ကို ရယူတဲ့အခါမှာ မိမိရဲ့ နေရာမှာ မတ်တတ်ရပ်ပြီး ဆန္ဒပြုပေးဖို့ ရှင်းလင်းပြောကြားလိုပါတယ်။ အမှတ်စဉ် (၆၊ ၇၊ ၈)ပါ စကားရပ်များသည် သက်ဆိုင်ရာ ဥပဒေပြုသည့် ဝန်ကြီး၏ဆောင်ရွက်မည့် နည်းဥပဒေအရ ဆက်လက် ထုတ်ပြန်မည့် ကိစ္စရပ်များဖြစ်သည့်အတွက် ဖော်ပြပါ အမှတ်စဉ်(၆)၊ အမှတ်စဉ်(၇)၊ အမှတ်စဉ်(၈)ပါ ပြင်ဆင်ချက်များနှင့်ပတ်သက်၍ မူလစကားရပ်အတိုင်းသာ ဆက်လက်ဆောင်ရွက်ပေးရန် ဆန္ဒပြုသော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ မိမိနေရာမှာ မတ်တတ်ရပ် ဆန္ဒပြုပါ။ ပြင်ဆင်သင့်တယ်ဆိုတဲ့ ကိုယ်စားလှယ်များ အနေနဲ့ ပြင်ဆင်သင့်တယ်လို့ ယူဆရင် မတ်တတ်ရပ်ခြင်း မပြုဘဲ မိမိနေရာမှာပဲထိုင်ပြီး ဆန္ဒပြုပေးနိုင်မှာဖြစ်ပါတယ်။ ဒါကြောင့် အချိန်အကန့်အသတ်အရ စကားလုံး တစ်ရပ်ချင်းအတွက်ကို ပြည်နယ်လွှတ်တော်ရဲ့ အချိန်တွေ အများကြီးအသုံးပြုခဲ့ပြီးဖြစ်ပါတယ်။ အမှတ်စဉ်(၆)၊ အမှတ်စဉ်(၇)၊ အမှတ်စဉ်(၈)ပါ ဖော်ပြထားသည့် မူလဥပဒေပါစကားရပ်များကို အတည်ပြုသော ပြည်နယ် တ်တော်ကိုယ်စားလှယ်များ မိမိနေရာမှ မတ်တတ်ရပ်ပြီး ဆန္ဒပြုပေးဖို့ ဖြစ်ပါတယ်။ မူလအတိုင်းအတည်ပြုမည်ဆိုလျှင် မတ်တတ်ရပ်ပါ။ အဆိုပြုထားချက်များအားလုံးကို ဖြန့်ထားပေးပါတယ်။ ဖြန့်ထားပေးတဲ့နေရာမှာ အိမ်တွင်း စက်မှုလက်မှုလုပ်ငန်း ဟုတ်၊ မဟုတ်နှင့် စပ်လျဉ်းပြီး ပြည်နယ်ဦးစီးမှူး၏ တင်ပြချက်ကိုသာ မူလစာသား ဖြစ်ပါတယ်။ အဲဒါကို "ကော်မတီ အစည်းအဝေးကျင်းပ၍" စိစစ်ဆုံးဖြတ်ခြင်း ဆိုပြီးတော့

ပြင်ဆင်တာဖြစ်ပါတယ်။ "ကော်မတီအစည်းအဝေး ကျင်းပ၍" စိစစ်ဆုံးဖြတ်ခြင်းဆိုရင် ထိုင်နေပါ။ တကယ်လို့ မူလအတိုင်းဘဲ ပြည်နယ်ဦးစီးမှူး တင်ပြချက်ကို စိစစ်၍ ဆုံးဖြတ်ခြင်းဖြစ်မယ်ဆိုရင် မတ်တတ်ရပ်ပေးဖို့ဖြစ်ပါတယ်။ အလားတူဘဲ ဤဥပဒေအရ ထုတ်ပြန်သော အမိန့် သို့မဟုတ် ညွှန်ကြားချက်များကို မလိုက်နာသော လုပ်ငန်းရှင်၏ မှတ်ပုံတင်ကို "ဝန်ကြီး၏ ခွင့်ပြုချက်ဖြင့် ဆိုင်းငံ့ခြင်း၊ ပယ်ဖျက်ခြင်း၊ ရပ်စဲခြင်း" ဖြစ်ပါတယ်။ နောက်တစ်ခါ ဦးစီးဌာနသည် လျှောက်ထားသည့် လျှောက်လွှာများကို စိစစ်ခြင်း၊ စစ်ဆေးခြင်း၊ ပြုလုပ်ပြီးနောက် သတ်မှတ်ချက်နှင့် ညီညွတ်ပါက "ဝန်ကြီး"၏ ခွင့်ပြုချက်အရ မှတ်ပုံတင်ပေးခြင်း ဖြစ်ပါတယ်။ ဆိုလိုတာက ဝန်ကြီးဟာ ဒီဥပဒေကို အဆိုပြုလာတာဖြစ်တဲ့အတွက် ဝန်ကြီးရဲ့ ဒီဥပဒေအတည်ပြုပေးပြီးမှ နည်းဥပဒေအရ ဆက်လက်ဆောင်ရွက်မယ့် ကိစ္စရပ်တွေ၊ အသေးစိတ်ဆောင်ရွက်မယ့် ကိစ္စရပ်တွေလည်း ဆက်လက်ဆောင်ရွက်နိုင်ပါတယ်။ လက်ရှိမူလဥပဒေစာသားနှင့်ပတ်သက်ပြီး ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အနေနဲ့ အမှတ်စဉ် (၆၊ ၇၊ ၈)ဖော်ပြချက်များဟာ သဘောတရားအတူတူဘဲ ဖြစ်တဲ့အတွက် မူလဖော်ပြချက်အတိုင်း သဘောတူလျှင် အားလုံး မတ်တတ်ရပ် ပေးဖို့ဖြစ်ပါတယ်။ မူလတင်ပြချက်အတိုင်း သဘောမတူလျှင် ကော်မတီ၏ အဆုံးအဖြတ်ကိုရယူခြင်း၊ ကော်မတီ၏ခွင့်ပြုချက်ဖြင့် မှတ်ပုံတင်ပေးရန် ဆိုတဲ့ကိစ္စရပ်တွေနဲ့ပတ်သက်ပြီး အစားထိုးချင် ပါတယ်ဆိုရင် ထိုင်လျက် ဆန္ဒပြုပေးဖို့ဖြစ်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ။** အားလုံးထိုင်နိုင်ပါပြီ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ အမှတ်စဉ် (၆)ဖြစ်ပါတယ်။ အမှတ်စဉ် (၆)မှာ ဖော်ပြထားသော အခန်း(၄)၊ ပုဒ်မ ၆(စ)ဖြစ် ပါတယ်။ အိမ်တွင်းစက်မှု လက်မှုလုပ်ငန်းဟုတ်၊ မဟုတ်နှင့် စပ်လျဉ်း၍ အငြင်းပွားမှုပေါ်ပေါက်လာပါက ပြည်နယ်ဦးစီးမှူး၏ တင်ပြချက်ကို စိစစ်၍ ဆုံးဖြတ်ခြင်းဟု ဖော်ပြထားပါတယ်။ ၎င်းဖော်ပြချက်နှင့် ပတ်သက်ပြီး ပြင်ဆင်ရန်အကြံပြုချက်အနေနဲ့"ကော်မတီအစည်းအဝေးကျင်းပ၍" စိစစ်ဆုံးဖြတ်ခြင်း ဟု ပြင်ဆင်ရန် အဆိုပြုထားပါတယ်။ လွှတ်တော်ရဲ့ အဆုံးအဖြတ်ကို ရယူတဲ့အခါမှာ ပြင်ဆင်ချက်နှင့်စပ်လျဉ်းပြီး ပြင်ဆင်ထားသည့်အတိုင်း သဘောတူသည့် လွှတ်တော်ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေးတက်ရောက် ဆန္ဒမဲပေးသော ကိုယ်စားလှယ်ဦးရေ၏ ထက်ဝက်ထက်များနေပါတယ်။ ဒါကြောင့် ပြင်ဆင်ချက်ဖြစ်သော "ကော်မတီအစည်းအဝေးကျင်းပ၍" စိစစ်ဆုံးဖြတ်ခြင်းဟု ပြင်ဆင်ရန်အဆိုပြုသော လွှတ်တော်ကိုယ်စားလှယ် ဆန္ဒပြုသူပိုမို များပြားပြီးထက်ဝက်ကျော်တဲ့ အတွက် 'ကော်မတီအစည်းအဝေးကျင်းပ၍" စိစစ်ဆုံးဖြတ်ခြင်း ဟု ပြင်ဆင်ရန် အဆိုပြုချက်သည် အတည်ဖြစ်ပြီး ဤဥပဒေ၏ အစိတ်အပိုင်းဖြစ်ကြောင်း ကြေညာပါတယ်။

**ဒုတိယဥက္ကဋ္ဌ။** အမှတ်စဉ်(၇)ဖြစ်ပါတယ်။ အခန်း(၅)၊ ပုဒ်မ ၈(ခ)ဖြစ်ပါတယ်။ ဤဥပဒေမှ ထုတ်ပြန်ထားသော အမိန့် သို့မဟုတ် ညွှန်ကြားချက်များကို မလိုက်နာသော လုပ်ငန်းရှင်၏ မှတ်ပုံတင်ကို "ဝန်ကြီး၏ ခွင့်ပြုချက်ဖြင့် ဆိုင်းငံ့ခြင်း၊ ပယ်ဖျက်ခြင်း၊ ရုပ်စဲခြင်း" ဟု ဖြစ်ပါတယ်။ ဖော်ပြပါ ပြင်ဆင်ချက် နှင့်ပတ်သက်ပြီး ပြင်ဆင်ရန် အကြံပြုချက်အနေနဲ့ "ကော်မတီသို့ တင်ပြအဆုံး အဖြတ်ရယူခြင်း"ဟု ပြင်ဆင်ရန် အဆိုပြု ထားတာဖြစ်ပါတယ်။ ဖော်ပြပါ "ကော်မတီသို့ တင်ပြအဆုံး အဖြတ်ရယူခြင်း"ဟု ပြင်ဆင်ရန် အဆိုပြုချက်အား ထောက်ခံသည့် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်ဦးရေဟာ ထက်ဝက်ထက်များတဲ့အတွက် အမှတ်စဉ် (၇)ဖော်ပြပါ အခန်း(၅)၊ ပုဒ်မ ၈(ခ)အရ ဤဥပဒေမှ ထုတ်ပြန်ထားသော အမိန့် သို့မဟုတ် ညွှန်ကြားချက်များကို မလိုက်နာသော လုပ်ငန်းရှင်၏ မှတ်ပုံတင်ကို "ဝန်ကြီး၏ ခွင့်ပြုချက်ဖြင့် ဆိုင်းငံ့ခြင်း၊ ပယ်ဖျက်ခြင်း၊ ရုပ်စဲခြင်း" မပြုမီ "ကော်မတီသို့ တင်ပြ အဆုံးအဖြတ် ရယူခြင်း" ဟုပြင်ဆင်ရန် အဆိုပြုချက်သည် အတည်ဖြစ်ပြီး ဤဥပဒေ၏ အစိတ်အပိုင်းဖြစ်ကြောင်း ကြေညာပါတယ်။

**ဒုတိယဥက္ကဋ္ဌ။** အမှတ်စဉ်(၈)ဖြစ်ပါတယ်။ အခန်း(၆)၊ ပုဒ်မ ၁၀ မှာ ဦးစီးဌာနသည် လျှောက်ထားသည့် လျှောက်လွှာများကို စိစစ်ခြင်း၊ စစ်ဆေးခြင်း ပြုလုပ်ပြီးနောက် သတ်မှတ်ချက်နှင့် ညီညွတ်ပါက "ဝန်ကြီး"၏ ခွင့်ပြုချက်အရ မှတ်ပုံတင်ပေးရမည် ဟုဖော်ပြပါတယ်။ ၎င်းဖော်ပြချက်နှင့် ပတ်သက်ပြီး "ကော်မတီ" ၏ခွင့်ပြုချက်အရ မှတ်ပုံတင်ပေးရမည်ဟု ပြင်ဆင်ရန်အဆိုပြုသော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ထောက်ခံဦးရေအရေအတွက်သည် တက်ရောက်မဲပေးသော အရေအတွက်၏ ထက်ဝက်ထက်များတဲ့အတွက် ပြင်ဆင်ပြဋ္ဌာန်းချက်ဖြစ်သော "ကော်မတီ" ၏ ခွင့်ပြုချက်အရ မှတ်ပုံတင်ပေးရမည်ဟူသော အဆိုပြုချက်သည် အတည်ဖြစ်ပြီး ဤဥပဒေ၏ အစိတ်အပိုင်းဖြစ်ကြောင်း ကြေညာပါတယ်။

## ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းခဲ့သော ရှမ်းပြည်နယ်အိမ်တွင်းစက်မှုလက်မှုလုပ်ငန်း ဥပဒေ(မူကြမ်း) နှင့်စပ်လျဉ်း၍ ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း

**ဒုတိယဥက္ကဋ္ဌ။** အစီအစဉ်(၉)ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား၊ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (ဒုတိယနေ့) (၁၃. ၇. ၂၀၁၆) ရက်နေ့တွင် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းခဲ့သော ရှမ်းပြည်နယ်အိမ်တွင်းစက်မှုလက်မှု လုပ်ငန်းဥပဒေ(မူကြမ်း)နှင့် စပ်လျဉ်း၍ ပြည်နယ်လွှတ်တော်ကအတည်ပြုပေးပါရန် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင် ဝန်ကြီးမှ အဆိုပြု တင်ပြပေးဖို့ဖြစ်ပါတယ်။

**ဦးစိုးညွန့်လွင်(ခ)ဦးစိုးကြီး။ စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး။** ကျွန်တော်တို့ တင်သွင်းတဲ့ ဥပဒေကြမ်းနှင့် ပတ်သက်ပြီး လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော့အနေနဲ့ လေးစားစွာ အကြံပြုလိုတာကတော့ တက်ရောက်လာကြတဲ့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကျွန်တော်တို့သည် ဥပဒေတစ်ခုကို ပြုတဲ့အခါမှာ ဥပဒေရဲ့ လုပ်ထုံးလုပ်နည်းတွေ၊ ရှေ့နောက် ဆန့်ကျင်မှုတွေ မရှိစေလိုပါဘူး။ ဒီဥပဒေသည် လည်းအားလုံးအတွက် ကောင်းရာကောင်းကျိုး ဖြစ်အောင် ဥပဒေတစ်ခုဖြစ်ဖို့များစွာ အချိန်ယူပြီးတော့မှ လုပ်ခဲ့ရပါတယ်။ စာလုံးစကားရပ် တစ်ရပ်ကြောင့် အခန်းတိုင်းမှာ ပြင်ရမယ်၊ အခန်းတိုင်းမှာ ပျက်စီးသွားမယ် ဆိုရင်လည်း ပြန်လည် သုံးသပ်သင့်ပါတယ် အကြံပြုဆွေးနွေးချင်ပါတယ်။ စကားလုံးကို ကန့်သတ် လိုက်ပြီး စကားလုံးတစ်ခု ပေါ်မှာ သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦး တစ်ယောက်ရဲ့ သြဇာပေါ်မှာ မှီခိုနေမယ်ဆိုရင် ဥပဒေတွေဟာ အသက်ဝင်မှုနည်းပါလိမ့်မယ်။ ကျွန်တော့အနေနဲ့ လေးလေးစားစား ပြောတာပါ။ အနိုင်အရှုံးထက် ဥပဒေပညာရှင်၊ ပြင်ပပညာရှင်များလည်း ပါဝင်သည့်အတွက် အကူအညီတောင်းလို့ ရပါတယ်။ အားလုံးဝိုင်းဝန်း ဆွေးနွေးပြီး ဒီဥပဒေကြမ်းကို အတည်ပြုသင့်တယ်လို့ လေးလေးစားစား တင်ပြအပ်ပါတယ်ခင်ဗျား။

**ဒုတိယဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဒုတိယအကြိမ် ရှမ်းပြည်နယ် လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (ဒုတိယနေ့) (၁၃. ၇. ၂၀၁၆)ရက်နေ့မှာ ရှမ်းပြည်နယ်အစိုးရ အဖွဲ့က တင်သွင်းခဲ့သော ရှမ်းပြည်နယ် အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းဥပဒေ(မူကြမ်း)အား အတည်ပြုရန် လွှတ်တော်မှ သဘောတူပါသလား ခင်ဗျား။

(သုံးကြိမ်တိုင်တိုင်မေးပါသည်။ လွှတ်တော်မှ သဘောတူပါသည်။)

**ဦးစိုးညွန့်လွင်(ခ)ဦးစိုးကြီး။ စီမံကိန်းနှင့်စီးပွားရေးဝန်ကြီး။** ကျွန်တော်အနေနဲ့ သဘောမတူ သေးပါဘူး။ ပြန်လည် စဉ်းစားသုံးသပ်ဖို့ စကားလုံး စကားရပ်တွေ အခန်းတစ်ခုချင်းစီရဲ့ ရှေ့နောက် ကွဲပြားမှုတွေကြောင့် တစ်ချိန်မှာ ဒီဥပဒေဟာ တိုင်းရင်းသားနှင့် လုပ်ငန်းရှင်တွေ အားလုံးအတွက်ပါ။ အငြင်းပွားမှု မဖြစ်စေချင်ပါဘူး။ စကားလုံးစကားရပ်တစ်လုံးစီရဲ့ ဥပဒေပညာရှင်တွေရဲ့ ထောက်ပြ ဆွေးနွေးပြီးတော့မှ သဘောကို လွှတ်တော်ကလည်း သုံးသပ်တယ်ဆိုတဲ့အကြောင်း လေးစားစွာ ပြန်လည်တင်ပြအပ်ပါတယ်ခင်ဗျား။

**ဒုတိယဥက္ကဋ္ဌ။** ဝန်ကြီးတင်ပြချက်နှင့်ပတ်သက်ပြီး ဥပဒေပြင်ဆင်ရန်အကြံပြုချက် အမှတ်စဉ် (၆၊ ၇၊ ၈)မှာ ကော်မတီဆိုသည့် စကားရပ်ပါလာခြင်းဖြစ်ပါတယ်။ ကော်မတီဆိုသည့် စကားရပ်မှာ

ဥပဒေအရ ဖွဲ့စည်းထားသော ကော်မတီဖြစ်သည့်အတွက် ဝန်ကြီးရဲ့ ဦးဆောင်မှုအောက်မှာရှိတဲ့ ကော်မတီဖြစ်ပါတယ်။ နည်းဥပဒေတွေဆက်လက်ထုတ်ပြန်တဲ့ အချိန်မှာ ဝန်ကြီးအနေနဲ့ ကော်မတီရဲ့ လုပ်ငန်းဆောင်ရွက်ခွင့်၊ တာဝန် ဒါတွေကို စီမံပေးနိုင်မှာ ဖြစ်တဲ့အတွက် နည်းဥပဒေ ဆက်လက် တင်သွင်းတဲ့အချိန်မှာ ယခုဥပဒေမူရင်းပါ စကားရပ်ဖြစ်တဲ့ ကော်မတီဆိုသည့်စကားရပ်ကို ဥပဒေမှာ ဖော်ပြထားတာဖြစ်တဲ့အတွက် လုပ်ငန်းတာဝန်များအတိုင်း ဆွေးနွေးရခြင်းဖြစ်ပါတယ်။ ဝန်ကြီးရဲ့ တင်ပြချက်အပေါ်မှာ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ပြည်နယ်ဥပဒေပြုရေးတာဝန်ကို ယူထားကြတဲ့ လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ အကောင်းဆုံး ဖြစ်အောင် ဝိုင်းဝန်းအကြံပြု ဆွေးနွေးပေးခြင်းပဲဖြစ်ပါတယ်။ ဒီအပေါ်မှာ ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးအနေနဲ့ ရှမ်းပြည်နယ် အိမ်တွင်း စက်မှုလက်မှုလုပ်ငန်းဥပဒေနဲ့ပတ်သက်ပြီး နည်းဥပဒေတွေ ထုတ်ပြန်တဲ့အခါ ပိုမိုပြည့်စုံအောင် ဆောင်ရွက်သင့်ကြောင်း ဥပဒေပြုရေးဆိုင်ရာကော်မတီဥက္ကဋ္ဌ ကိုယ်စား သော်လည်းကောင်း၊ ရှမ်းပြည်နယ်လွှတ်တော်အစည်းအဝေးကို ကြီးမှူးကျင်းပရသော အကြီးအမှူး အနေနဲ့သော်လည်းကောင်း ပြောကြားလိုပါတယ်။ ဒါကြောင့် ဒီနေ့ ရှမ်းပြည်နယ်အိမ်တွင်းစက်မှု လက်မှုလုပ်ငန်းဥပဒေ (မူကြမ်း)အား လွှတ်တော်က သဘောတူတဲ့အတွက် အတည်ပြုကြောင်း ကြေညာပါတယ်။